# ဥရောပတိုက်၊ ဘာမင်ဂံ၊ လန်ဒန်ဒေဝီ
# သိမ်သမုတ်ပွဲ
## နှင့်
# ခရီးသွားမှတ်တမ်း

မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်
ပျဉ်းမနားမြို့

မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်ဆရာတော်
ဘဒ္ဒန္တကာဝိသာရ
မှတ်တမ်းတင်ထားသည်

၁၄.၇.၁၀

## "မှတ်တမ်းအကြောင်းပြန်နိဒါန်း"

မိမိသည် ၁၉၉၅ ခုနှစ်က (၁၀) နိုင်ငံသို့ ခရီးဆန့်ခဲ့သည် ။ (၂) လတိုင်ကြာမြင့်ခဲ့သည် ။ (၁၀) နိုင်ငံခရီး ဗဟုသုတရအောင် ဝါရင့်စာရေးဆရာကြီး ချစ်စံဝင်းက (မဂ္ဂဒေသက) ခရီးလမ်းညွှန်အဖြစ် ပူဇော်ပါသည် ။ နိုင်ငံခြားတိုင်းတစ်ပါးခရီး၏ ပထမဆုံးအကြိမ် ဖြစ်ပါသည် ။

၁၉၉၈ ခုနှစ်က ဗြိတိန်နိုင်ငံ ၊ လန်ဒန် ၊ ဘာမင်ဂမ်၊ ဝေလစသော ဥရောပနိုင်ငံမြို့ကြီးများသို့ ခရီးဆန့်ပါသည် ။ တစ်လကြာပါသည် ။ ခရီးသွားသည့်အကြောင်းမှာ ဗြိတိန်နိုင်ငံခေါ် အင်္ဂလန်နိုင်ငံ ၊ လန်ဒန် ဘာမင်ဂမ်မြို့တော်ကြီး၌ သိမ်သမုတ်ရန် ပင့်၍ ကြွခြင်းဖြစ်ပါသည် ။

မူလပင့်သူ မဂ္ဂဒေသက ခရီးလမ်းညွှန်ဝါရင့်စာရေးဆရာကြီးဦးချစ်စံဝင်း၏ တင်ပြဆွေးနွေးချက်အရ ဒေါက်တာရေဝတက စပွန်စာပို့၍ ပင့်ဘိတ်ခြင်းကြောင့် ကြွခြင်းဖြစ်ပါသည် ။

## "မှင်တစ်စက် အစဉ်အဆက်သုံးရ"

မည်သည့်ပုဂ္ဂိုလ်မဆို အကြောင်းအရာ အမြဲရှိသည် ။ ထိုအကြောင်းအရာအားလုံးကို မှတ်တမ်းရှိသင့်သည် ။ ရှိအောင်ပြောရ ဟောရမည် ။ ရေးရ ၊ မှတ်ရမည် မှင်တစ်စက်သည် အစဉ်အဆက်က ကမ္ဘာပျက်သည့်တိုင်အောင် တည်သည် ၊ မှိုငြမ်းစရာ လိုက်နာစရာဖြစ်သည် ။

မြတ်စွာဘုရား၏ တရားတော် ၊ စကားတော် ၊ ပိဋကတ်သုံးပုံကို ပထမတော့ စုပေါင်းခဲ့ဝေ၍ ရွတ်ဘတ်ပို့ချ၍ မှတ်တမ်းတင်ကြသည် ။ နောက်တော့ ပေစာ၊ပရပိုက်ကျောက်ထက်အက္ခရာတင်ကြသည် ။ နောက်တော့ စက္ကူအကောင်းစားပေါ်မှာ မှင်စာဘတ်ဖို့ ပုံနှိပ်၍ မှတ်တမ်းတင်ကြသည် ။

# "ဖလင်တစ်ကွက် အစဉ်အဆက်ကြည့်ရ"

မှတ်တမ်းတင်သည့်ပုံစံများတွင် အချို့က ဖလင်ကော်ပြားပေါ်မှာ ဓါတ်ပုံရိုက်၍ မှတ်တမ်းတင်ကြသည် ။ လူသည်ဖြစ်စေ ၊ အရုပ်ဆိုးသည်ဖြစ်စေ ၊ သူတို့၏ မူလဘူတ သဘာဝအတိုင်း ဖလင်တစ်ကွက်ပေါ်လာသည် ။ ယခုခေတ်တွင် ပွဲကျင်းပတိုင်းလိုပင် ဓာတ်ပုံရိုက်သည် ။ မင်းပွဲ ၊ စိုးပွဲ ၊ မင်္ဂလာပွဲ အားလုံး ဓာတ်ပုံရိုက်သည်။ ဗွီဒီယိုရိုက်သည်။ မှတ်တမ်းတင်သည် ။ ပြေးပွဲပြိုင်ပွဲအမျိုးမျိုးတို့၌လည်း ဓာတ်ပုံရိုက်မှတ်တမ်းတင်သည် ။ အငြင်းပွားမှုတွေအတွက် စဉ်းစားစရာမလိုအောင် ဖလင်တစ်ကွက်က အစဉ်အဆက် အသိဉာဏ်အမှန်ကိုပေးပြီး ဆုံးဖြတ်ရေးအတွက် အထောက်အကူပြုသည် ။

မြတ်စွာဘုရား (၄၅) နှစ် ၊ (၄၅) ဝါ ဟောထားသော နိကာယ်ငါးရပ် ၊ ပိဋကတ်သုံးပုံကိုပင် အစဉ်အဆက် ဘတ်ဖို့ ၊ မှတ်ဖို့ ၊ ကြည့်ဘို့ ၊ သိဘို့ ဖလင်ကော်ပြားပေါ်မှာ မှတ်တမ်းတင်ထားကြပြီ ။ ထို့ကြောင့် ဖလင်တစ်ကွက်သည် အစဉ်အဆက်အသုံးဝင်နေသည် ။ ထို့အတူ မိမိ၏ နိုင်ငံခြားခရီးသွား မှတ်တမ်းမှင်တစ်စက်ကိုလည်း အစဉ်အဆက် ဘတ်ဖို့ ၊ မှတ်ဘို့ ၊ ကြည့်ဘို့ ၊ သိဘို့ မှတ်တမ်းတင်ခြင်းဖြစ်သည်။ ဒီမှတ်တမ်းအမည်နှင့်ပင် ဓာတ်ပုံမှတ်တမ်း အမျိုးမျိုးပါဝင်သည့် ဖလင်အကွက်တို့ဖြင့် အစဉ်အဆက်ကြည့်ဘို့ သိဘို့ ၊ ဖတ်ဘို့ ၊ မှတ်ဘို့ ၊ မှတ်တမ်းကြီးအပြည့်အစုံဆုံးကို မျှဝေပါဦးမည် ။

ဘဒ္ဒန္တကဝိသာရ
၁၉၉၈

# မန္တလေးတိုင်း ၊ ပျဉ်းမနားမြို့-မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၏ အင်္ဂလန်နိုင်ငံ သိမ်သမုတ်ပွဲ ခရီးသွားမှတ်တမ်း

## "အင်္ဂလန်အသွား ၊ ပို့ဆောင်သူများ"

### (၁၉.၆.၁၉၉၈) နံနက် (၉ း ၃၀) နာရီ

ရန်ကုန်မြို့ ၊ ဝိသုဒ္ဓါရုံကျောင်းမှ လေယာဉ်ကွင်းသို့ ထွက်ခဲ့သည်။ ဥက္ကဋ္ဌကြီး ဦးစိန်ဝင်း ၊ (သမီး) ကျင်သန်းဦး နှင့် မြေးလေးတို့အပြင် ရန်ကုန် (၈) မိုင်မှ ဒေါ်လှဲလှဲဝင်းက ၎င်း၏ယာဉ်ဖြင့် ဆရာတော်အား လေဆိပ်သို့ လိုက်ပို့ပေးသည် ။ ကုသိုလ်ယူသည် ။ ကျောင်းတိုက်မော်တော်ကားတွင် ဦးပညာသာမိ ၊ သီလရှင်ဆရာလေး ဒေါ်ခေမာစာရီနှင့် ဂိလာနပဌာက ဦးမြင့်ဝေတို့ လိုက်ပါကြပါသည် ။ မိမိစီးသောမော်တော်ကားပေါ်တွင် ဗဟန်းသပြေတောရက ဦးနာဂဝံသ လိုက်ပါသည်။ မင်းမင်းပလပ်စတစ်စက်ရုံပိုင်ရှင် ကိုမင်းဦး ၊ မရွှေရွှေဝင်း တို့က ဆွမ်းချိုင့်ယူလာပြီး ဝိသုဒ္ဓါရုံမှာ ဆွမ်းကပ်ပြီး လေယာဉ်ကွင်းသို့ အားလုံးလိုက်ပို့ကြသည် ။ လေဆိပ်သို့ (၁၀) နာရီရောက်သည် ။ လေယာဉ်ကွင်းမှ ရဟန်းအမကြီး ဒေါ်မြင့် (သမီး) ဘေဘီ၊ မောင်ဇော်ဝင်းတို့ ဇနီးမောင်နှံစောင့်နေကြ ၊ ကြိုနေကြသည် ။ ဦးအေးလွင်က စာရေးဆရာချစ်စံဝင်းမှာသည့် ယွန်းကွမ်းအစ်ကို ယူသွားဘို့လာပေးသည် ။ ယူလာခဲ့သည်။ လေယာဉ်မှာ မလေးရှားအဲယားလိုင်းဖြစ်သည် ။

နံနက် (၁၁ း ၃၅) နာရီတွင် ဗြိတိန်အင်္ဂလန်နိုင်ငံသို့ ထွက်သည့်လေယာဉ်ခမှာ အသွားအပြန် (၆၁၆) ဒေါ်လာဖြစ်ပါသည် ။ မိမိတို့မှာ မလေးရှားနိုင်ငံဝင်ဦးမှာမို့ မလေးရှားလေယာဉ်တက်ပါသည် ။ မလေးရှားနိုင်ငံ လေယာဉ်ခမှာ ဒေါ်လာ(၇၀) ဖြစ်ပါသည် ။ အပြည်ပြည် ဆိုင်ရာလေဆိပ်လိုက်ပို့သူများအားလက်ပြနှုတ်ဆက်သည်။ လေယာဉ်ထွက်ချိန်မှာ နေ့ (၁၂ း ၁၅) နာရီဖြစ်သည် ။

မြန်မာစံတော်ချိန် ညနေ (၃) နာရီ မလေးရှားစံတော်ချိန် (၄ း ၃၀) တွင် မလေးရှားနိုင်ငံသို့ရောက်သည် ။ ကွာလာလမ်ပူမြို့ (CITY VILLA) ဟိုတယ် ၊ ပဥ္စမထပ် အခန်းနံပါတ် (၅၁၂) တွင် တည်းသည် ။ အတူတစ်ခန်းတည်း ကျိန်းစက်သူမှာ မန္တလေး ဘုရားကြီးတိုက် ပင်းတယကျောင်းမှ ဦးဝိမလဖြစ်သည် ။ ဦးဝိမလသည် မိမိတို့ကျောင်းတိုက်တွင် နေသွားဖူးသူဖြစ်သည် ။ မိမိအား ဝေယျာဝစ္စပြုပါသည် ။

## (၂၀ ၊ ၂၁ ၊ ၂၂ .၆.၁၉၉၈) (၃) ရက်

ဗဟုသုတအဖြစ် မလေးရှားနိုင်ငံလည်ပတ်ရန် $ ဒေါ်လာ (၆၀) စီ (၈) ပါးစုသည် ။ မိုးကုတ်ဆရာတော် ဦးစန္ဒာဝရ (ဇနိတာရာမ) က ခေါင်းဆောင်ပါသည်။

## (၂၀.၆.၁၉၉၈)

မြန်မာ နံနက် (၅) နာရီ မလေးရှား (၆း၃၀) နာရီ အိပ်ရာကထသည်။နမောတဿဖြင့် ဘုရားရှိခိုးသည် ။ အိပ်လို့ကောင်းလို့ အိပ်ရာထ နောက်ကျသည်။ ဦးစန္ဒာဝရက အပြင်မှနှိုးရသည်အထိ အိပ်လို့ကောင်းသည် ။ မြန်မာ (၆) နာရီ မလေးရှား (၇း၃၀) နာရီတွင် ဟိုတယ်အောက်ထပ်သို့သွား၍ ဆွမ်း ၊ ကော်ဖီ စသည်တို့ကို သူတို့ဘုန်းပေးသည် ။ ဟိုတယ်၏ အမည်မှာ (CITY VILLA) ဖြစ်သည်။ မိမိကား မဘုန်းရသေးပါ ။ ဦးစန္ဒာဝရက ပျဉ်းမနားဆရာတော် ဘုန်းပေးလေဟုပြောရာ ဆွမ်းမလာသေးကြောင်း မိမိက ပြောသည် ။ ဒီနိုင်ငံမှာ ကိုယ့်ဟာကိုယ် ယူစားရတယ် ပြောပြီး ဖိုးစံကြီးက ယူပေးသည် ။

ဟိုတယ်နံရံအတွင်းသားကို မချောဘဲ ဆေးသုတ်ထားသည်ကို ဂန္ဓာရုံဆရာတော်က ပန်းရံပျင်းလို့ဟု ရယ်စရာပြောသည် ။ အမှန်မှာ တမင်အလှဆင်ခြင်းဖြစ်သည် ။ လျှပ်စစ်မီးမြင်နေကြအပြင် လက်ဆွဲမီးအိမ်ကြီးတွေကိုလည်း လျှပ်စစ်သွင်း၍ ထွန်းထားသည်မှာ ရှေးဟောင်းပစ္စည်းကို ဖော်ပြခြင်းဖြစ်သည် ။

နံနက် မြန်မာ (၈) နာရီ ဟိုတယ်မှ ဂျင်ကင်တောင်သွားရန် ကားချိန်းထားသော်လည်း အချိန်နောက်ကျမှ ရောက်လာသည် ။ ဈေးတစ်မျိုးပြောနေ၍ ငှားကားဖြင့်

ဂျင်ကင်တောင်သို့ မသွားပါ ။ တက္ကစီငှား၍သွားသည် ။ ဆရာတော် (၈) ပါး စကားပြန် ကပ္ပိယ ဦးမောင်မောင်လွင်ပါ (၉) ဦးဖြစ်သည် ။ ဂျင်ကင်တောင်ခုလတ်ထိပ်အရောက် ကားတစ်စီး မလေးရှားငွေ (၄၂) စီ ပေးရသည် ။ မလေး (၁) ကျပ်တွင် မြန်မာငွေ (၅၀၀) ကျသည် ။ (၈) ပါးက မျှခံကြသည် ။

မြန်မာ (၉း၃၀) နာရီတွင် ဟိုတယ်မှ ထွက်သွားရာ (၁၀း၄၅) နာရီတွင် တောင်ထိပ်သို့ ရောက်သည် ။ တောင်ထိပ်ရောက်သည်အထိ ကားလမ်းမှာ အသွား (၃) လမ်း ၊ အပြန် (၃) လမ်းဖြစ်ပြီး အလွန်ကောင်းသည် ။ ကီလိုမီတာ (၁၀၀) အထိ မောင်းသည် ။ လမ်းဘေးဝဲယာ၌ သစ်တောကြီးတွေ ၊ တောင်ဝှမ်းကြီးတွေ စိမ်းစိုနေသည် ။ သီးခြားသစ်ပင် အလှလေးတွေ စိုက်ထားသေးသည်မို့ ကြည်နူးစရာကောင်းသည် ။ လမ်းခရီးတွင် တောင်ကိုဖောက်ထားသော ကားလမ်းကိုလည်း တွေ့ရသေးသည် ။ တစ်မိုင်ခန့်ရှည်မည်ဟု ခန့်မှန်းပါသည် ။

မိမိတို့ဖျဉ်းမနား ပေါင်းလောင်းရေအားလျှပ်စစ်အတွက် ဥမင်ကြီး ပေ(၃၀၀၀) အရှည်တူးနေရာ မလေးဥမင်တွေ့တော့ မပြောပလောက်အောင်ဖြစ်သွားသည် ။ ဥမင်ကြီးတစ်လျှောက် မီးရောင်စုံထွန်းထားသည် ။ ထောင်ထိပ်မှာ ဂန္ဓာရုံဆရာတော်ပါ (၈) ပါး ဆွမ်းဘုန်းပေးသည် ။ မလေးငွေ (၉) မြန်မာငွေ (၄၅၀၀) ကျသည် ။

ဂျင်ကင်တောင်ထိပ် တက်သည် ။ ဆွမ်းစားပြီး ကောင်းကင်ကားလေးစီးပြီး ကေဘယ်တောင်ထိပ်ကြီးသို့တက်သည် ။ ကားလေးမှာစက်ပူ သမုဒ္ဒရာပေါ်တက်သော ကားလေးမျိုးဖြစ်သည် ။ ကောင်းကင်ကြိုးဖြင့် စီးလိုက်သွားရာ တောင်မြင့်လျှင်မြင့်သလို ၊ နိမ့်လျှင်နိမ့်သလို နိမ့်ချည်မြင့်ချည် ၊ ဆင်းချီတက်ချီဖြစ်သည် ။ (၄၅) မိနစ်ခန့်စီးရသည် ။ လမ်းခရီးအကြားတွင် ဖယောင်းရုပ် ဆင်ကြီးတွေမှာ တကယ်ဆင်လေလားဟု ထင်ရအောင် လျှပ်စစ်ဖြင့် လှုပ်ရှားစေသည် ။ ထို့အပြင် လျှပ်စစ်ဖြင့် လှုပ်ရှားနေသော ဖယောင်းရုပ် မျောက်မျိုးစုံကိုလည်းကောင်း ၊ တောလိုက်မုဆိုး မျိုးစုံကိုလည်းကောင်း တွေ့ရသည် ။ တောင်ထိပ်အတက် လက်ယာဘက်တွင်ရှိသည် ။ ရောက်လျှင်ကြည့်ပါ ။ တောင်ထိပ်ရောက်တော့ အထပ် (၂၀) ရှိသော တိုက်ကြီးပေါ်သို့ ရွေ့လျားလှေခါးဖြင့် တက်သွားရာ ပထမထပ်တွင် စားသောက်ဆိုင်များကို တွေ့ရသည် ။

ကျောင်းပြန်ပြီး ရေချိုး ၊ ဆွမ်းစားသည် ။ ကျောင်းအနီး ဈေးဆိုင်မှ ဖလင် (၂) လိပ် ဝယ်လှူသည် ။ ထို့ပြင် ပျဉ်းမနားဦးဗုဒ္ဓေါကမ္မဋ္ဌာန်းကျောင်းအတွက် မလေးဒေါ်လာ (၁၀၀၀) မြန်မာ ငွေ (၈၀၀၀၀) လှူသည် ။ ကမ္ပည်းထိုးရန် လိပ်စာပါသည် ။ ရေးပေးလိုက်သည် ။ နေ့ဆွမ်းစားပြီး (၁၂) နာရီပြန်ခါနီးတွင် ပီနံဆရာတော်ကြီးပါ အတူတကွ မိမိတို့အဖွဲ့ (၈) ပါး ပီနံကျောင်းရှေ့၌ ဓါတ်ပုံရိုက်သည် ။ ပီနံမှ (၁၂း၃၀) နာရီထွက်လာရာ လမ်းတွင် တရုတ်ဘုံကျောင်းတစ်ခုဝင်သည် ။ ညနေ မြန်မာ (၅း၃၀) နာရီ မလေး (၆း၃၀) နာရီ ကွာလာလမ်ပူမြို့သို့ရောက်သည် ။ အားကစားသမားတွေ အောင်ပွဲဝင် သည့် ကွင်းကြီးသို့ဝင်သည် ။ ဘောလုံးကွင်းအလှ ဓါတ်ပုံရိုက်သည် ။ တည်းခိုရာ ဟိုတယ်သို့ ပြန်သည် ။ ခေါင်းရိတ်ရေချိုးပြီး သံဃာနုဿတိ ကမ္မဋ္ဌာန်းနေ့စဉ်ကလို ပွားပြီး အိပ်သည် ။

## (၂၃.၆.၁၉၉၈)

အင်္ဂလန်သွားရန် နံနက်မြန်မာ (၈) နာရီ မလေး (၉း၃၀) နာရီ ဟိုတယ်မှ လေယာဉ်ကွင်းသို့ဆင်းသည် ။ မြန်မာ (၉) နာရီ မလေး (၁၀း၃၀) နာရီ လေယာဉ် ပေါ်တက်ကြသည် ။ လေယာဉ်ကွင်းတည်းခိုနားနေသော ခန်းမထဲ နားနေခိုက် လိုက် ပို့သော ကိုမောင်မောင်လွင်တို့ (၃) ယောက်ကို မှတ်တမ်းတင် ဓါတ်ပုံရိုက်ယူခဲ့သည်။ လေယာဉ်ပေါ်မှ မြန်မာ (၁၁) နာရီ မလေး (၁၂း၃၀) နာရီ ဆွမ်းလာကပ်သည်။ ဆွမ်းမကပ်မီ ဖျော်ရည်တစ်ခွက် ရှေးဦးစွာ လာကပ်သေးသည် ။ ရေဆာနေသည်မို့ ချက်ချင်းသောက်လိုက်သည် ။ အစားအသောက်ပေးသော မလေးရှား လေယာဉ်မယ် တို့၏ ပေးခါနီး ၊ ပေးနေဆဲအပြုံးသည် အားငယ်နေသူကို အားရှိစေသည် ။ စားမည့် အခါ ခရီးသည်ကို စားချင်စေသည် ။ သူတို့၏ ဝတ်စားဆင်ယင်မှုမှာ လုံလုံလဲလဲရှိ သည် ။ ဆံပင်၏ ထုံးဖွဲ့ပုံမှာ ဆံပင်အရှည်ကို နောက်ပိုင်းတင်ထုံးထားသည်မှာ မြန်မာ့ အလှနှင့်တူသည် ။

## "မလေးရှား လေယာဉ်မယ်အလှဘွဲ့တေးထပ်"

လေယာဉ်မယ် မလေးအလှကိုတော့ တွေးဆလို့ ချစ်သည် ॥ ရေးပြလို့ ကညစ်စိမယ် ၊ ချစ်ညီရယ်မှတ်အုံး ၊ ရှုမဆုံး ဆံထုံးယဉ်တယ် ပြုံးအရွှင် လှတဲ့မျက်လုံး॥

ဝတ်ဆင်မှုလုံလဲပါတယ် ပုံထဲမှာကွယ်ကြည့်အုံး ॥ တစ်ပုံနှံ့ခါ ကြည်အိမဆုံး စေဘို့ ပီတိလုံးဖြာစေ ၊ သွားတဲ့အခါ ကန့်ကယသာပ ဖွဲ့မရ မောင်ရဲ့စာခွေ ॥ ॥

ယဉ်ကျေးမှုအနှစ်တွေကို ၊ လှစ်ဖွေခါ စုပုံတွေ့တာမို့ သူ့ပုံလေ့အလှတွေ ကြည့်မဝပေ ॥

အင်္ဂလန်အသွား လေယာဉ်မေရယ် ဆွေသခင်လေ မေ့ဘူးကွဲ့လေး
အင်္ဂလန်အသွား လေယာဉ်မေရယ် ထေရ်အရှင်လေ မေ့ဘူးကွဲ့လေး ॥ ॥

မကြာမီ ဆွမ်းလာကပ်သည့် အသီးအရွက်တစ်ခွက် ၊ ကြက်သားပြုတ်တစ်ခွက် အချဉ်သုတ်တစ်ခွက် ၊ ကိတ်မုန့်တစ်လုံး ၊ ကော်ဖီ ၊ သကြားပါ၏ ။ အိန္ဒိယမြေပေါ် ကျော်သောအခါ ပေပေါင်း (၃၅၀၀၀) မီတာ (၁၀၇၀၀) မှာ ပျံသန်းနေကြောင်း လေယာဉ်မယ်က ကြေငြာပါသည် ။ အာရေဗျပယ်လယ်ပေါ် မှာလည်း ထို့အတူ အမြင့်မှ ပျံသန်းပါသည် ။ လေထုကြမ်း ၊ ဥတုကြမ်းသောအခါ (တိမ်) ကနဲ မြည်ပါသည်။ ခါးပတ်ပတ်ရန် လေယာဉ်မယ်ကပြော၍ ပတ်ရပါသည် ။ နောက်ထပ် (တိမ်) ကနဲ မြည်လျှင် ခါးပတ်ဖြုတ်ရပါသည် ။ (စာဖတ်သူမှတ်ထားပါ)

မြန်မာ (၃း၃၀) နာရီ အာရေဗျပင်လယ်ကို ဖြတ်ကျော်နေပါသည် ။ မြန်မာ (၄) နာရီ မလေး (၅း၃၀) နာရီတွင် စောင်တစ်ထည် လာပေးပါသည် ။ ဂန္ဓာရုံဆရာတော် မိန့်ကြားပြောပြနေ၍ မည်သည့်နေရာ ရောက်နေကြောင်း မြေပုံပါ ထောက်ပြပါသည် ။ မိမိရှေ့ရှိ ကမ္ဘာ့မြေပုံသည် ထင်ရှားပါသည် ။ အမြင့်ပျံသန်းနှုန်းမှာ ပေပေါင်း (၃၅၀၀၀) ကီလိုမီတာ (၁၁၉၀၀) အမြဲပျံသန်းသလို တစ်ခါတစ်ရံ ပေပေါင်း (၃၉၀၀၀၀) အထိ ပျံသန်းပါသည် ။ အင်္ဂလန်နိုင်ငံ ၊ လန်ဒန်မြို့ လေဆိပ်အမှတ် (၃) အမည် ဟီးသရိုးလေဆိပ်သို့ အင်္ဂလန်စံတော်ချိန် နံနက် (၅) နာရီ မလေးစံတော်ချိန် (၁၂) နာရီ မြန်မာစံတော်ချိန် ည (၁၁း၃၀) နာရီ အင်္ဂလန်ရောက်ရှိပါသည် ။ လေဆိပ်မှ ဝံပသီကျောင်းဆရာတော် ဦးသောဘိတ ၊ မြောင်းမြကျောင်း ဆရာတော် ဦးလက္ခဏာတို့ တကာဒေါက်တာ ခင်မောင်ထွန်း (ယခင်ပြည်ထဲရေးဝန်ကြီးဦးကိုကို၏ သား) တို့နှင့်အတူ လာရောက်ကြိုဆိုကြသည် ။

လန်ဒန်မြို့၊ ဝံပလီကျောင်းမှာပင် တည်းခိုကြပါသည်။ သာသနာရေးအတွက် အားလုံးကူညီကြပါသည်။ ရောက်လျှင်ရောက်ချင်း လန်ဒန်ရှိ တကာ၊ တကာမတွေ ဂန္ဓာရုံဆရာတော်ထံ လာကြသည်။ ထူးသည်မှာ ဘိုးပေါက်ဆိန် ဆရာတော်ကြီးထံ လူတွေပိုဝိုင်းသည်။ သူ့အခန်းထဲလာသူတွေကို ရွှေပေါက်ဆိန်လေးနှင့် ရွှေဖြစ်စေ ငွေဖြစ်စေ ဟုဆိုကာ ပေါက်ဆိန်လေးနှင့် ပေါက်ပေးနေသည်။ အင်္ဂလန်နာရီ ည (၁၀) နာရီတွင် ဒေါ်နီလာဝင်းထံသို့ ဝံပလီဆရာတော်က ဖုန်းဆက်ပေးသည်။ ရန်ကုန်မှ ဦးဘသန်းထက်၊ ဒေါ်သန်းသန်းတို့၏သမီးဖြစ်ပါသည်။ နေမကောင်းပါ။ ပရိတ်ရွတ်ရန်၊ ပရိတ်ရေစွန့်ရန် လျှောက်ထားပြီး လာယူကြသည်။ အင်္ဂလန်ည (၁၀း၃၀) နာရီတွင် ဦးခင်မောင်ထွန်း ဆရာဝန်ကြီးအိမ် ဝံပသီဆရာတော်က ဖုန်းခေါ်ပေးသည်။ စကားပြောရသည်။ ရှမ်းပြည် မိမိတိုက်၌ စွယ်တော်ပူဇော်ပွဲ တိတ်ခွေကြည့်ရှု၊ ကြည်ညိုရကြောင်း၊ ထီးတင်ပွဲပြီးသည့် (၁. ၇. ၁၉၉၈) နေ့မှစ၍ ဆရာတော်ဆီလာမည့်အကြောင်း အလိုရှိရာ အမိန့်ရှိဖို့အကြောင်းလျှောက်ထားသည်။

## “ဒေါ်စံယုံ ဆွေမျိုးစပ်ပုံ”

ထို့အတူ သံအမတ်ကြီး ဦးဝင်းအောင်နှင့် သံအမတ်ကြီးကတော် ဒေါ်စံယုံတို့ရောက်လာသည်။ သူက သံအမတ်ကြီးဖြစ်ကြောင်း၊ မိမိက မစံယုံဖြစ်ကြောင်း ဆရာကြီးဦးတင်၏ သမီးဖြစ်ကြောင်း၊ မိမိတို့မင်္ဂလာပွဲမှာ ဆရာတော်က မင်္ဂလာသြဝါဒပေးကြောင်း၊ ပျဉ်းမနားက ဆရာတော်ကြွတယ်ပြောလို့ ဈေးကုန်းဆရာတော်ဖြစ်မည်ဟုယုံကြည်ပြီး တပည့်တော်တို့ လာရောက်ကန်တော့ကြောင်း၊ နှုတ်ဆက်ကြောင်း၊ ဆွမ်းကပ်မည့်အကြောင်း စသည်တို့ကို လျှောက်ထားရာ မိမိမှာ ဝမ်းသာရပါသည်။ အားပြည့်ပါသည်။ ဒေါ်စံယုံ တို့ကို မမေ့ပါ။

**(၂၄.၆.၁၉၉၈)**

အင်္ဂလန်စံတော်ချိန် နံနက် (၃) နာရီ၊ မလေးစံတော်ချိန် (၄. ၃၀) နာရီ မြန်မာစံတော်ချိန် နံနက် (၈) နာရီတွင် အိပ်ရာမှထသည်။ မိမိထက်အရင် ဂန္ဓာရုံ

ဆရာတော်နိုးနှင့် အိပ်ရာမှထနှင့်သည် ။ မိမိမျက်နှာသစ်ပြီး ဘုရားရှိခိုးသည် ။ ပရိတ်ကြီး (၁၁) သုတ် စာသားများကို ရွတ်ဖတ်ပူဇော်သည် ။ စိတ်နေကြအတိုင်း တရားဂုဏ်တော် (၆) ပါး ၊ ပုတီး (၆) ပတ် ၊ ဩဓိသ အနောဓိသ မေတ္တာ (၁၂) ပတ် ၊ အပိုသီးခြား (၉) ပတ်စိတ် မေတ္တာပို့သည် ။

အင်္ဂလန်စံတော်ချိန် နံနက် (၆း၃၀) နာရီ ၊ မြန်မာစံတော်ချိန် ည (၁၂) နာရီတွင် ဝံပလီကျောင်းဆရာတော်က ခေါက်ဆွဲပြုတ် ၊ ကိတ်မုန့် ၊ ပေါင်မုန့် ၊ စပျစ်သီး ၊ ငှက်ပျောသီး ၊ ဆန်ပြုတ် စသည်တို့ဖြင့် မိမိတို့ (၈) ပါးအပြင် ဂျပန်မှာ သတင်းသုံးသည့် ဖူဂျီဆရာတော်ကြီး ဦးခေမိန္ဒ ၊ ဩစတေးရီးယားဒေါက်တာဇာဂရ အိန္ဒိယမိဂဒါဝုန်ဆရာတော် ဦးဝဏ္ဏဓဇတို့အား နံနက်အရုဏ် ဆက်ကပ်သည် ။ (၂) ဝိုင်းဘုန်းပေးရသည် ။ ဘုန်းပေးလို့ကောင်းသည် ။ သူတစ်ပါးအရပ် ၊ သူတစ်ပါးနေရာမှာ မည်သည့်သောကမှမရှိ၍ ဘုန်းပေးလို့ကောင်းခြင်းဖြစ်သည် ။ မှန်သည် ။ ကိုယ့်နေရာမှာတော့ ဆွမ်းစားတုန်း သံဃာတွေ ရန်ဖြစ်လေမလား စသည်ဖြင့် သောကတွေ ပွေလိမ်ရှုပ်သည် ။ ဒီမှာ သောကမရှိ ဆွမ်းစားပြီးများမကြာမီပင် ဝံပလီကျောင်းရှေ့တွင် ဗွီဒီယိုရိုက်သည် ။ ဓါတ်ပုံရိုက် မှတ်တမ်းတင်သည် ။ ဂျပန်မှာ သီတင်းသုံးသည့် ဆရာတော်ကြီးဖူဂျီ ဦးခေမိန္ဒ အရှင်မြတ်က အောက်ပါသီချင်းကို သီဆိုပြသည်။ မိမိလည်း တစ်ပိုင်းတစရသည် ။ “အပျိုကြီးတွေ လင်မရလို့ လန်ဒန်မြေပဲယို ၊ ခြင်တောင်ထဲမှာငို” တဲ့

**“ဂျပန်နိုင်ငံ ဒေါက်တာခေမိန္ဒ ဆရာတော်ကြီးက ဆိုပြရသော**
**လန်ဒန်မြေပဲယို သီချင်း”**

**လောကမှာ တစ်ကိုယ်တည်းမို့ အပျိုကြီးဘဝကပျင်းစရာ ။**
**မိဘမောင်ဘွား အစ်ကိုတွေကြား မိန်းမသားတစ်ယောက်ထဲဟာ ။**
**နှစ်ဆယ်ကျော် အစိတ်ပိုင်း အရွယ်လွန် တံဆိပ်ဟိုင်း၍ ။**
**စိတ်တိုင်းကျတော့ မရနိုင်သဗျို့ ။**
**မှဆိုးဖို ၊ တစ်ခုလပ် အဘိုးအိုဖြစ် ။**
**(ချင်ချင်တူးတူး မူးရင်ပြီးရော ဗျို့ ။)၂**
**ချစ်သူကို တစ်ပြား နှစ်ပြားနဲ့ လဲလို့မရဘူးဗျို့ ။**

**(အပျိုကြီးတွေ လင်မရလို့ လန်ဒန်မြေပဲယို ၊ ခြင်ထောင်ထဲမှာငို ၊ လန်ဒါန်မြေပဲယို ..... ဟေ့ ဟေ့ ဟေ့) ။**

**စားကြည့်ပါ ဆိုဆို လန်ဒန်မြေပဲယို**

**အရသာကတော့ ဆိမ့်လည်းဆိမ့်သမျို ။**

**ရှိုဆိမ့် ရှိုဆိမ့် ၊ ဆိမ့် ဆိမ့် ၊ ဆိမ့်ပါသမျို ၊ လန်ဒန်မြေပဲယို ။**

**မုန့်တာကိုဆိုဆို လန်ဒန်ဘာလိုလို ။**

**ချောကလက်နဲ့မလဲဘူးမျို ။**

**တောအရက်နဲ့ မလဲဘူးမျို ။**

**သစ္စာတော်ဆို ဆို ၊ မေတ္တာတော်ပို ပို ။**

**ကျောတွေ ရင်တွေ တင်တွေအောင့်လို့ ရစ်ခေါင်းထဲက ဖို ။**

**အပျိုကြီးတစ်ကိုယ်တည်း အမတွေပို အမတွေငို ။**

ဒီသီချင်းဆိုပြီး လန်ဒန်မြေပဲယိုစားချင်သလားဟု အမိန့်ရှိသည် ။

စားချင်သလားဟု မေးသည် ။ သွား၍ ဝယ်ပေးသည် ။ ကျွေးသည် ။

အင်္ဂလန်စံတော်ချိန် နံနက် (၉) နာရီတွင် သံယာ့မဟာနာယက ဥက္ကဋ္ဌဆရာတော် ဦးသောဘိတနှင့် မကွေးဆရာတော် ဦးကုမာရတို့ ကြွလာ၍ ဝိုင်းဝန်းကန်တော့ကြသည် ။ အင်္ဂလန်နေ့ (၁၁) နာရီတွင် ဒေါ်စန်းရီ၊ ဦးခင် ၊ ဒေါ်အေးမြခင် ဒေါ်ခင်မျိုးသန့် ၊ ဦးစိန်ထွန်းအောင် ၊ ဒေါ်လှလှ ၊ ဦးဗလဇေယျ ၊ ဒေါ်မာလာ သမီး မသီတာ တို့က ဆွမ်းကပ်သည် ။ ငါးခေါင်းချဉ်ရည် ၊ ဆိတ်သား ၊ ငပိချက် ၊ ကြက်သားဟင်း စသည်စုံလှသည် ။ ငါးခေါင်းချဉ်ရည်သည် ပွဲတောင်းသော ဟင်းဖြစ်သည် ။ အချက်ကောင်းကြောင်း အကျိုးတော်ဆောင် ဦးစန္ဒာဝရက ပြောရာ ဟင်းချက်သူတကာမကြီးက ပီတိတွေဖြာဝေပြီး ပြုံးရွှင်စွာ တပည့်တော်ချက်ကြောင်း ပြောသည်။ သူကား ဒေါ်မာလာ ဖြစ်သည် ။ ထို့နောက် ခေတ္တ ဆွမ်းလုံးစီသည် ။ ကျိန်းသည်။

## "ဂရင်းပတ်ဥယျာဉ်"

နေ့လည်ပိုင်းတွင် ဂရင်းဖတ်ဥယျာဉ်သို့သွားသည် ။ ဥယျာဉ်ကြီးမှာ ကျယ်ဝန်းသည် ။ သစ်ပင်ကြီးများ မြက်ခင်းများဖြင့် စိမ်းစိုအေးမြနေသည် ။ လန်ဒန်သူ/သားများ နေနုအေး၏ အရသာကို ဇိမ်ယူခံစားသောသဘောဖြင့် မြက်ခင်းပြင်ပေါ်၌ အိပ်နေကြ ၊ ထိုင်နေကြပြီး စကားပြောနေကြသည် ။ အချို့က ပက်လက်ကုလားထိုင်လေးတွေပေါ်မှာ ဇိမ်ယူထိုင်နေကြသည် ။ သစ်ပင်ကြီးတွေမှာ လူ (၃) ယောက် ဖက်လောက်အောင် လုံးပတ်ကြီးသည် ။

ဒုတိယဘုရင်မနန်းတော်ကြီးကို လှည့်ပတ်ကြည့်ရှုသည် ။ ဓာတ်ပုံမျိုးစုံရိုက်ခဲ့သည် ။ ဘုရင်မနန်းတော်ကြီးမှာ ထည်ဝါခမ်းနားသည် ။ တစ်မျက်နှာလျှင် တံခါးမကြီး (၂) ပေါက်ရှိပြီး ပုလိပ် (၂) ယောက်စီ စောင့်နေသည်ကို တွေ့ရသည် ။ နိုင်ငံတကာမှ နန်းတော်ကြီးကို ကြည့်သူတွေ စုံနေသည် ။ နန်းတော်ကို သံတံတိုင်းကြီး သံဝရံတာများ (၁၂) ပေခန့် မြင့်အောင် ကာထားသည် ။ နန်းတော်၏ သံတံခါးကြီးအပိတ်တွင် သိမ်းငှက်ရုပ်ပါသော အရုပ် (၁) ခုကို တွေ့ရသည် ။ ဓာတ်ပုံရိုက်ခဲ့သည်။ နန်းတော်ရှေ့တွင် ဘုရင်မရုပ်လုံးသဖွယ် ရုပ်လုံးကြီး (၁) ခုကို တွေ့ရသည် ။ လက်ရာမြောက်ပါသည် ။ လှသည် ။ ချောသည် ။ လူတိုင်း သဘောကျသည် ။

ဘုရင်နန်းတော်ဟောင်းကြီးကိုလည်း စောင့်ရှောက် ထိန်းသိမ်းထားသည်ကို တွေ့ရသည် ။ နိုင်ငံတကာမှ လူတွေ ဝင်ရောက်ကြည့်ရှုကြသည် ။ ဝင်ကြေးမှာ (၉) ပေါင်ဟုဆိုသည် ။ တစ်ပေါင်မှာ $ ဒေါ်လာ (၂) ဒေါ်လာရှိပြီး ၊ တစ်ဒေါ်လာ (၃၅၀) နှင့် (၁၈) ဒေါ်လာကျော် ကုန်ကျမည်မို့ မိမိတို့ (၈) ပါး နန်းတော်ဟောင်းထဲမဝင်ကြပါ ။ သိမ်းမြစ်ကို ဖြတ်ကူးထားသည့် တံတားကြီးပေါ် လျှောက်ကြသည် ။ တံတားကြီးမှာ ခန့်ညားသည် ။ မြင့်မားသည် ။ တံတားကြီး အလယ်လောက်တွင် အထူးအားဖြင့် ပေ (၂၀၀) ခန့်မြင့်မည် ။ ဓါတ်လှေကားနှင့် တက်ရမည် ။ ဓါတ်လှေကားခ (၄) ပေါင် ပေးရမည်ဟုပြောသည် ။ တစ်ပေါင်လျှင် (၂) ဒေါ်လာဖြစ်ပြီး (၄) ပေါင် (၈) ဒေါ်လာကျမည် ။ မြန်မာငွေ တစ်ပါးလျှင် (၂၈၀၀) ကျမည်မို့ မတက်ခဲ့ပါ ။ အင်္ဂလန်နိုင်ငံ ၊ လန်ဒန်မြို့လယ်မှ ဖြတ်စီးနေသည့်သိမ်းမြစ်ကို ကူးသည့်တံတားကြီးပေါင်း (၂၃) စင်းရှိသည်ဟု ပြောပါသည် ။ ကျယ်ပါဘိ လန်ဒန်ဟုမှတ်တမ်းတင်ပါ၏ ။

ထို့နောက် သိမ်းမြစ်ကမ်းခြေသို့ သွားကြသည် ။ မိမိတို့နိုင်ငံ မင်းတုန်းမင်းကြီးနန်းတော်သုံးသည့် အမြောက်ကြီးတွေကို သားသားနားနား ပြသထားပါသည် ။ ဆိုင်ကြီးတစ်ဆိုင်သို့ဝင်ကာ ဖျော်ရည်သောက်ကြသည် ။ လိုက်ပို့သူမှာ မဟာစည်ရိပ်သာမှ ဦးသောဘိတ ဖြစ်သည် ။ ထိုမှအနှံ့အပြားသွားနိုင်ရန် လက်မှတ်တစ်စောင် (၂) ပေါင်ခွဲနှင့်ဝယ်ရသည် ။ ထိုလက်မှတ်သည် ထိုရက်ည (၁၂) နာရီအထိ အသုံးဝင်သည် ။ ထိုလက်မှတ်နှင့် မြေအောက်ရထား အသွားအပြန် (၈) ကြိမ်ခန့်စီးသည်။ ဘတ်စ်ကား (၂) ကြိမ်စီးသည် ။ ရွေ့လျားလှေခါး (၈) ကြိမ်ခန့် တက်ဆင်းသည် ။ လက်မှတ်ပေါက်ထဲ ထိုလက်မှတ်ကလေးထိုးထည့် ၊ ပြန်ထွက်အလာ မိမိလက်မှတ်ပြန်ယူလာခါ ဒီလက်မှတ်တစ်စောင်ထဲ ယနေ့တစ်နေကုန်သွားသည် ။ ညနေ (၆) နာရီ ဝံပလီတည်းကျောင်းပြန်ရောက်သည် ။ ဒီနိုင်ငံမှာ နေမဝင်သေးပါ ။ (၉) နာရီမှ နေဝင်ပါသည် ။

## "ထိုးမရပါ ထိပ်ပေနေလို့"

မြေအောက်ရထားစီးပြီး ဘူတာဝင်းတံခါးအထွက်မှာ ဂိတ်ပေါက် ကျားပါးစပ်ထဲ မိမိတို့အားလုံး လက်မှတ်ခပေးသွင်း ထွက်လာ ပြန်ယူပြီး ရှေ့ဆက်သွားနေကြရာ ပေါက်စေတီဆရာတော်ကြီးကျန်နေလို့ လှည့်ကြည့်ရာ ထွက်မလာသေးသဖြင့် လမ်မှတ်ကလေး ကျားပါးစပ်ထဲထည့်ဖို့ပြောတော့ ထိပ်ပေနေလို့ ထိုးသွင်းမရကြောင်း မိန့်ပါသည် ။ မိမိကဆရာတော်ကြီး အသက် (၈၀) အား "ထိပ်ပေနေလို့ အိုတာကို" ဟုပြောတော့ ထွက်ရအောင်လုပ်ပေးပါ ၊ ရယ်စရာမပြောပါနဲ့ဟု မိန့်သဖြင့် ပုလိပ်ကလာပြီး ဂိတ်ဖွင့်ပေးပါသည် ။ နောက်မိတာကို သီးခံပါဟု ဆရာတော်ကြီးအားကန်တော့ပါ၏ ။

## (၂၅.၆.၁၉၉၈)

အင်္ဂလန်စံတော်ချိန် နံနက် (၄) နာရီ အိပ်ရာမှထသည် ။ နမောတဿ ဘုရားရှိခိုး အကျယ်ရှိခိုးသည် ။ စီးဖြန်းနေကျ ဓမ္မာနုဿတိ ကမ္မဋ္ဌာန်းပုတီး (၆) ပတ် စီးဖြန်းသည် ။ ဩဝိဿ ၊ အနောဝိဿ မေတ္တာကမ္မဋ္ဌာန်း ပုတီး (၁၂) ပတ်စီးဖြန်း

သည် ။ အပို (၁၀) ပတ် မေတ္တာပို့သည် ။ ပရိတ်ကြီး (၁၁) သုတ်ရွတ်ဖတ်ပူဇော်သည်။ အင်္ဂလန် နံနက် (၅) နာရီသည် မြန်မာနံနက် (၁၀) နာရီဖြစ်သည် ။ ထိုအချိန်တွင် ဘာဝနာပွား၍ပြီးသည် ။ အင်္ဂလန် နံနက် (၆) နာရီတွင် အရက်ခေါက်ဆွဲပြုတ် ၊ လက်ဖက်ပဲခြမ်း ၊ ကော်ဖီ ၊ ကိတ်မုန့် စသည်တို့ကို ဆက်ကပ်ပါသည် ။ နံနက် အင်္ဂလန် (၈) နာရီ ၊ မြန်မာ ညနေ (၂) နာရီတွင် ဦးစန္ဒာဝရတို့ လမ်းလျှောက် ထွက်လည်ကြသည် ။ မိမိနှင့် ဇနိတာရာမ ပေါက်စေတီဆရာတော်တို့ ကျောင်းမှာ နေခဲ့ကြသည် ။ အလွန်လည်းအေးလွန်းပါသည် ။

နံနက် အင်္ဂလန် (၁၁) နာရီ မြန်မာ ည (၆) နာရီတွင် ဆွမ်းစားကြေးစည်တီး ၍ အားလုံးဆွမ်းဘုန်းပေးကြွကြသည် ။ ယခင်နေ့များက (၁၁) ပါးသာရှိပြီး ယနေ့ စက်ာပူဆရာတော် စသည်တို့ကြွလာ၍ (၁၆) ပါး ဆွမ်းဘုန်းပေးကြသည် ။ ကြက်သား ဟင်း ၊ ငါးဖယ်သုတ် ၊ ငါးဖိချက် ၊ ငါးပိရည် ၊ တို့စရာ ၊ ပြောင်းဖူးဟင်း စသည် စုံလင်လှသည် ။ ဆွမ်းမှာလည်း ဖြူဖွေးပြီး နူးညံ့သည် ။ ကျောင်းကော်မတီ ဦးစိန်ထွန်းအောင် ၊ ဒေါ်လှလှ စသူတို့က အားမနာဘဲ ဝအောင် ဘုန်းပေးဘို့ အထူး လျှောက်ထားသည် ။ ဆွမ်းစားပြီး ဒေဝနိမန္တနပရိတ်နှင့် မေတ္တာသုတ် ၊ ဓဇဂ္ဂသုတ် သဗ္ဗီတိယောတို့ကို ရွတ်ဖတ်ချီးမြှောက်ကြသည် ။

## "ဘာမင်ဂံမြို့တော်"

အင်္ဂလန် နေ့ (၂း၃၀) နာရီ မြန်မာနံနက် (၉း၃၀) နာရီတွင် လန်ဒန်မှ ဘာမင်ဂံ ထီးတင်မည့် ၊ သိတ်သမုတ်မည့်မြို့တော်သို့ ဘတ်စ်ကားကြီးတစ်စီးနှင့် ထွက်သွားကြရာ အင်္ဂလန်ညနေ (၄း၃၀) အချိန် ဘာမင်ဂံမြို့တော်သို့ ရောက်သည်။ လမ်းခရီးတစ်လျှောက် အသွား (၃) လမ်း ၊ အပြန် (၃) လမ်း ဆိုင်ကယ်လမ်းပါ ချောညက်နေအောင်ကောင်းသည် ။ လမ်းဘေးဝဲယာ၌ လျှပ်စစ်မီးတိုင်တွေ စိုက်ထူ ထွန်းညှိထားသည် ။ ကွာလာလမ်ပူမှ ပီနံအသွား သာယာသလို တစ်မျိုးသာယာသည်။ တည်းခိုရန်အတွက် ယူနိုက်တစ်ကောလိပ်တွင် မိမိအား ဂန္ဓာရုံဆရာတော်ကြီး (၂) ပါးနှင့်အတူ တစ်ပါး (၁) ခန်းစီ နေရာချထားပေးသည် ။ တက္ကသိုလ်ကောလိပ်ကြီး ပိတ်ထားချိန်ဖြစ်၍ အခန်းတွေအားနေသည် ။ ကောလိပ်ကျောင်း အဆောင်အခန်း တွေ သန့်ရှင်းနေသည် ။ ရေလောင်းကုဋ္ဌ ၊ ရေချိုးခန်း ၊ အိပ်ရာ ၊ စောင် ၊ မျက်နှာ

သုတ်ပုဝါ စသည် ပြည့်စုံသည် ။ (၅) ရက်တည်းရာ၌ ကော်ဖီ ၊ သကြား ၊ အိုဘာတင်း စသည်အပြင် ရေနွေးတည်ရန် ဓာတ်ဖိုတို့ကိုပါ ထားပေးသည် ။ အပူပေးသည့်ကိရိယာ (ဟီတာ) ကို အခန်းတိုင်း တပ်ဆင်ထားသည် ။ ရေပူ ၊ ရေအေး (၂) မျိုးရသည်။ မြန်မာ (၁၀) နာရီ အင်္ဂလန် (၄) နာရီတွင် အိပ်သည်ဖြစ်ရာ ပွားနေကြ သံဃာ့ဂုဏ်တော်ကို ပုတီး (၉) ပတ်စိတ် ၊ ပို့နေကြ ဩဝိဿ အနောဝိဿ မေတ္တာများ ပို့ပြီး အိပ်စက်ပါသည် ။ ဂန္ဓာရုံ နာယကဆရာတော် ဦးမဟိန္ဒက အခန်း (၇)၊ ဆရာတော်ကြီး ဦးကုဏ္ဍလက အခန်း (၈) ၊ မိမိကနဝင်းကြေ အခန်း (၉) မှာ တည်းခိုကြသည်။

(၁) ဒေါက်တာလှဘူး

(၂) ဒေါက်တာညွန့်ရွှေ

(၃) GAVENNYAN

(၄) ABERGAVENNY

(၅) MONMOOTHSHRE U.K နှင့်

အင်္ဂလန်နိုင်ငံ ဘာမင်ဂံထီးတင်ပွဲ၌ ဆွစ်ဇာလန်နိုင်ငံမှ သားအမိကိုတွေ့ရသည် ။ သူတို့ကြည့်ရသည်မှာ ပီတိ အပြည့်ဖြစ်နေသော လက္ခဏာကို ဆောင်သည်။ ဘုရားရှေ့နှင့် အာရုံခံအတွင်း တံမြက်စည်းကိုင်ကာ တံမြက်စည်းလှည်းနေသည် ။ အမှိုက်ကျုံးသည် ။ ဒေါက်တာရေဝတ ထီးတင်ပွဲလာ ပရိတ်သတ်များအတွက် စားခန်း သောက်ခန်းမှာဝင်၍ ဝေယျာဝစ္စ ကျွမ်းကျင်စွာလုပ်သည် ။ အဝေးနိုင်ငံမှ လာသူ ဗုဒ္ဓဘာသာများကို အထူးနှုတ်ဆက်သည် ။ သတင်းအရ ဒီပွဲကို တမင်သက်သက်လာခဲ့တာဖြစ်ကြောင်း ပြောသည် ။ သားလေးမှာ (၁၅) နှစ်အရွယ်ခန့်ဖြစ်သည် ။ သားလေးကို ဦးချဖို့ ၊ နမောဆိုဖို့ အမေက ပြောပြနေသည် ။ အမှိုက်ကျုံးခိုင်းသည် ။ ရုပ်လက္ခဏာမှာ နိုင်ငံခြားသားပုံပေါ်နေသော်လည်း စကားပြောရာ မပီသဖြင့် ဆွစ်ဇာလန်လူလားလို့ မေးတော့မှ မြန်မာဖြစ်ကြောင်း ၊ ဆွစ်ဇာလန်မှာ အနေကြာလို့ ရုပ်သွင်ပြောင်းနေကြောင်း ပြောပါသည် ။ ထိုဘုရားကြီး လှိုဏ်ဂူထဲတွင် အင်္ဂလိပ်လူမျိုးအပါအဝင် လူမျိုးပေါင်းစုံ ပုတီးစိပ်နေသည်ကိုလည်း တွေ့ရသည် ။ တရားထိုင်နေသည်ကိုလည်းတွေ့ရသည် ။ ဘာမင်ဂံမြို့မှာ ဒေါက်တာရေဝတ ဆရာတော်ကြီးက ဓမ္မတဥ္စာက စေတီဘုရားတည်သဖြင့် ဗုဒ္ဓဘာသာဂုဏ်ရောင်သည် ရှေးကထက်ပို၍ ထွန်းပြောင်သည် ။ မျက်နှာပွင့်သည် ။ ဆရာတော်ကြီးမှာလည်း ပြုံး ပြုံး ပြုံး ပြုံး နှင့် လူအမျိုးမျိုးတို့ကို နှုတ်ဆက်နေသည်ကို တွေ့ရသည် ။

**(၂၆.၆.၁၉၉၈)**

မြန်မာည (၉) နာရီ အင်္ဂလန် နံနက် (၃) နာရီ၊ မြန်မာည (၉) နာရီတွင် အိပ်ရာမှထပြီး ဗုဒ္ဓါနုဿတိ ကမ္မဌာန်းပွား၊ ဘုရားရှိခိုးပြီး တရားဂုဏ်တော် (၆) ပါး ပုတီး (၆) ပတ်စိပ်၊ ဓမ္မာ နုဿတိကမ္မဋ္ဌာန်းစီးဖြန်း ဩဓိသ အနောဓိသ မေတ္တာပို့ပါ သည် ။ အင်္ဂလန် နံနက် (၆) နာရီ၊ မြန်မာနေ့ (၁၂) နာရီတွင် ကောလိပ်ထမင်းစား ဆောင်သို့ အကျိုးတော်ဆောင် ဦးစန္ဒာဝရလာပင့်သဖြင့် ကြွကြပါသည် ။ စက်ာပူ ဆရာတော် ဦးတိလောကလည်း ပါဝင်ပါသည် ။ ထမင်းစားဆောင်၌ ထောပတ်ဘူး၊ ပျားရည်ဘူး၊ ပဲယိုဘူး ပဲလုံးပွကျော်ဘူး စသည်တို့ကို ဇွန်းတစ်ချောင်း၊ ခါးတစ်ချောင်း နှင့် ပေါင်မုန့်တစ်ချပ် အဆင်သင့် စားပွဲတွေပေါ်မှာ တင်ထားသည်ကို တွေ့ရပါသည်။ အဆောင်မှူးဖြစ်သူ ကိုပက် (ဂန္ဓာရုံကျောင်း၌ ဒုလ္လပတ်ဝတ်ဖူးသူ) ဦးတိလောကတို့က ကပ္ပိယအဖြစ် ဆောင်ရွက်ကြပါသည် ။ စက်ာပူဆရာတော် ဦးတိလောက ထောပတ်ကို ဓားနှင့်ကော် ပြီး ဘုန်းပေးဖို့ မိမိအားလျှောက်ထားသည် ။ သူလည်း ဓားနှင့်ကော်ပြီး ထောပတ်ကို သုတ်စားနေတာကိုကြည့်ပြီး ထောပတ်ကို ဓားနှင့်ကော်ပြီး သုတ်လိမ်း၍ ဘုန်းပေးသည် ။ ဇွန်းရှိလျက် ဇွန်းနှင့်ထောပတ်ကို မကော်ဘဲ ဓားနှင့်ကော်တာ အနောက်နိုင်ငံပေကိုဟု အောက်မေ့သည် ။ သူတို့ကတော့ ခါးနှင့်နှိပ် ဇွန်းနှင့်ကော်ပြီး ဘုန်းပေး နေသည်မှာ အလျှင်ရနေသည် ။ မိမိကတော့ ထောပတ်ကို ဇွန်းနဲ့ကော်၊ မုန့်ကို လက်နဲ့ဖဲ့လိပ်ပြီး အားရပါးရ ဘုန်းပေးလိုက်သည် ။ ဒါကို စက်ာပူဆရာတော်က ထောပတ်ကို ဓားနဲ့ကော်ရသည်ဟုပြောရာ ဓားဆိုတာ လှီးတာ၊ ဇွန်းနဲ့ကော်မှပါမှာ ပေါ့ဟု ရယ်စရာပြောလိုက်သည် ။ နို့စိမ်းတစ်ခွက် အဆောင်းမှူးက လာကပ်သည်။ ရေးနွေးနှင့်ရော၍ ဂန္ဓာရုံဆရာတော် ဘုန်းပေးတာကြည့်ပြီး မိမိလည်း ဒီပုံစံဘုန်းပေး လိုက်သည် ။ အကျိုးတော်ဆောင် ဦးစန္ဒာဝရက လက်သုတ်ဖို့ စက္ကူလာပေးသည် ။ သြော် အကျိုးတော်ဆောင် ပီသလေစွ ၊ မလစ်ဟင်းအောင် ပြုစုပေစွဟု ၎င်းအား ကျေးဇူးတင်ပါသည် ။ မမေ့ပါ ။ နံနက်ကိစ္စပြီးပြီမို့ မိမိတို့ အဆောင်ပြန်ကြသည် ။ အင်္ဂလန် နာရီ (၈) နာရီတွင် လက်ဖက်ရည်ဘုန်းပေးဖို့ သံချောင်းခေါက်သည် ။ မိမိနှင့်ဂန္ဓာရုံဆရာတော်ကြီးတို့ မသွားကြတော့ပါ ။ မဆာ၍ ဖြစ်သည် ။

## "အင်္ဂလန်နိုင်ငံ သိမ်သမုတ်ပွဲ"

အင်္ဂလန် နံနက် (၁၀) နာရီ မြန်မာစံတော်ချိန် ညနေ (၄) နာရီတွင် ဘုရားတည်ထားသည့် ဘာမင်ဂံဆရာတော်ကြီး ဒေါက်တာရေဝတ၏ ကျောင်းသို့ သွားကြသည် ။ နံနက်ပိုင်း အလုပ်မရှိပါ ။ ကျောင်းတိုက်ကြီးမှာ (၃) ဧကခန့် ကျယ်ဝန်းပါသည် ။ ထိုကျောင်းတိုက်အတွင်း (၅၀) ပေခန့်မြင့်သည့် ကမ္ဘာအေးစေတီပုံတည်ထားခြင်းဖြစ်သည် ။ အလယ်၌ တိုင်တစ်လုံးမျှ မထည့်ဘဲ ပေ (၅၀) ခန့်ပတ်ပတ်လည်လှိုဏ်ကြီးပေါ်မှာ စေတီတည်ထားခြင်းဖြစ်သည် ။ လှိုဏ်အတွင်း၌ ပရိတ်သတ် (၁၀၀၀) လောက်ဆန့်ပါသည် ။ ထိုလှိုဏ်ကြီးကို ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မြင်းခြံဆရာတော်နှင့် အဘိဓဇမဟာရဋ္ဌဂုရု မကွေးဆရာတော် ၊ ရန်ကုန်မြို့ ပေါက်စေတီတော်ဆရာတော် ၊ ဇနိတာရာမ မိုးကုတ်ဝိပဿနာဆရာတော် ၊ စစ်ကိုင်းတောင်ရိုး သီတဂူဆရာတော် ၊ မန္တလေး ဂန္ဓာရုံဆရာတော်တို့နှင့်အတူ သိမ်သမုတ်ကြပါသည် ။ ပထမ မိတ္ထီလာရေလယ်ဆရာတော် နိမိတ်ကြားပြီး ၊ ဒုတိယ (ပျဉ်းမနား) ဆရာတော် မိမိ နိမိတ်ကြားသည် ။ အင်္ဂလန်နိုင်ငံလို နိုင်ငံမျိုးမှာ သိမ်သမုတ်ခွင့်ရခြင်းသည် ကုသိုလ်ထူး ၊ ပါရမီထူးသည်ဟု ဝမ်းမြောက်ကျေနပ်ပါသည် ။ အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီး၏ စီစဉ်ချီးမြှောက်မှုကြောင့် မိမိနိမိတ်ကြားခွင့်ရခြင်း ဖြစ်ပါသည် ။ အင်္ဂလန်စံတော်ချိန် (၇း၂၀) နာရီတွင် သိမ်သမုတ်ပွဲ ပြီးပါသည် ။ နယ်သိမ် သမုတ်ပွဲသည် ပွဲအပြီးတွင် ဖျော်ရည်ကပ်သည်။ ကားတစ်စီးနှင့် တည်းခိုသည့် ယူနိုက်တစ်ကောလိပ်သို့ ပြန်ပို့ပေးပါသည် ။ အင်္ဂလန်၌ မြန်မာနံနက် (၉) နာရီတွင် နေဝင်ပါသည် ။ နေဝင်တာနောက်ကျသော်လည်း ညပိုင်းဖြစ်ပြီမို့ အိပ်ရာဝင် အိပ်စက်ပါသည် ။ မအိပ်စက်မီ နမောတဿဖြင့် ဗုဒ္ဓနုဿတိကမ္မဋ္ဌာန်းစီးဖြန်းပြီး သံဃာ့ဂုဏ်တော် (၉) ပါး ၊ ပုတီး (၉) ပတ်စိတ်ကာ သံဃာနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းပါသည် ။ ပို့နေကြအတိုင်း အပို့မေတ္တာပို့များနှင့် ဩဓိဿ အနောဓိဿမေတ္တာ (၁၂) ပတ် ပုတီးစိတ်ပြီး မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပါသည် ။

## "သာသနာ့ ပန်းကိသဲ သိမ်သမုတ်ပွဲ ဗဟုသုတ"

**(၂၆.၆.၁၉၉၈)**
**(၁၃၆၀) ဝါဆိုလဆန်း (၃) ရက် ၊ သောကြာနေ့ ၊ ညနေ (၆) နာရီ**

သိမ်သမုတ်ရန် ထိုနိုင်ငံ၌ သာသနာပြုနေသော ရဟန်းသံဃာတော်များ အပါအဝင် မြန်မာနိုင်ငံမှ နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တသောဘိတ အတွင်းရေးမှူးချုပ် ဘဒ္ဒန္တကုမာရ ၊ မကွေးဆရာတော် ၊ စစ်ကိုင်းသီတဂူဆရာတော် အရှင်ဉာဏိဿရ ၊ တောင်မြို့ မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တကုဏ္ဍလ ၊ ရန်ကုန်မြို့ မိုးကုတ်ရိပ်သာကြီးမှ ဇနိတာရာမကျောင်းတိုက် ဘဒ္ဒန္တဇနိတ ၊ သကျသီဟမဗ္မာစရိယ အကျိုးတော်ဆောင် ဦးစန္ဒာဝရ ၊ ဦးဇောတိက ၊ မိတ္ထီလာမြို့ ရေလယ်ကျောင်းဆရာ တော် ဦးလာဘဝတ ၊ ရန်ကုန်မြို့ ညောင်ကန်အေးရိပ်သာမှ ဆရာတော် ဦးက္ကန္ဒက ပေါက်စေတီကျောင်းဆရာတော် ဦးသုမိတ္တာဘိဝံသ စသည်အားဖြင့် သံဃာတော် (၁၀၀) နီးပါးကြွကြပြီး သိမ်သမုတ်ရန် စီစဉ်ကြပါသည် ။ နိမိတ္တပါလက နိမိတ်စောင့် အဖြစ် အောက်ပါဆရာတော်များကို ရွေးချယ်ပါသည် ။

၁ ။ စက်ာပူနိုင်ငံ ၊ မြန်မာကျောင်းဆရာတော် ဦးတိလောကသီရိ
၂ ။ ဦးသောဘိတာဘိဝံသ ၊ လန်ဒန်ဝိဟာရ ၊ အင်္ဂလန်နိုင်ငံ
၃ ။ ဦးစန္ဒာဝရဘိဝံသ ၊ နိုင်ငံတော် ပရိယတ္တိတက္ကသိုလ် ၊ ရန်ကုန်
၄ ။ ဦးဇောတိက ဇနိတာရာမ မိုးကုတ်ရိပ်သာ ၊ ရန်ကုန်
၅ ။ ဦးကုမာရ လန်ဒန်ဝိဟာရ ၊ အင်္ဂလန်နိုင်ငံ
၆ ။ ဦးဇနိတာလင်္ကာရ ဇနိတာရာမဆရာတော် ၊ ရန်ကုန်
၇ ။ ဦးဝဏ္ဏဓဇ မဟာသဒ္ဓမ္မဇောတိကဓဇ မိဂဒါဝုန်ကျောင်း ၊ အိန္ဒိယနိုင်ငံ
၈ ။ ဒေါက်တာ အာဒိစ္စ (မဟာဌာနမှူး) အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာ သနာပြုတက္ကသိုလ် ၊ ရန်ကုန် ။

## "သိမ်နှုတ်ပြီးမှ သမုတ်ရသည်"

မိမိ ပျဉ်းမနားဆရာတော်က အတွင်းရေးမှူးချုပ် ဆရာတော်အား သိမ်နှုတ် မင်္ဂလာပြုပြီး မပြီးလျှောက်ထားရာ အတွင်းရေးမှူးချုပ် မကွေးဆရာတော်က နိုင်ငံတော်

သိမ်မနှုတ်ရသေးကြောင်းလျှောက်သဖြင့် သိမ်နှုတ်ကြပါသေးသည် ။ ဒီကိစ္စကို ရန်ကုန်မြို့ မြသိန်းတန်ဆရာတော် ဦးသောဘဏ ၊ ဇမ္ဗူအေး ဓမ္မမေဒိနီကျောင်းဆရာတော် ဦးဇာနေယျ ၊ အင်းစိန်ဘိုကုန်းမှ ဇေယျသိဒ္ဓိကျောင်းဆရာတော် ဦးကုမာရ တို့က ပထမအကြိမ် ၊ ညောင်ကန်အေးဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ကုဏ္ဍက အင်္ဂလန်နိုင်ငံ လီဗာပူးဆရာတော် ဦးပညာဒီပ ၊ မိတ္ထီလာရေလယ်ဆရာတော် ဘဒ္ဒန္တလာဘဝတ တို့က ဒုတိယအကြိမ် စသည် သိမ်နှုတ်ကြပါသည် ။

သိမ်နှုတ်ပြီးသောအခါ ဥက္ကဋ္ဌဆရာတော်ကြီးက မိမိတို့အား ပျဉ်းမနားဆရာတော် ဦးကဝိက သိမ်နှုတ်ကိစ္စ လျှောက်ထားဖော်ပြရသဖြင့် သာဓုခေါ်ကြောင်း မိန့်ပါသည် ။ စာရေးဆရာကြီး ချစ်စံဝင်းကလည်း ဆရာတော်အား အင်္ဂလန်နိုင်ငံ ပင့်ခဲ့ရ ကျိုးနပ်ကြောင်း လျှောက်ထားပါသည် ။ မိမိအနေဖြင့်လည်း ကံမပျက်လျှင် မပြောလို့ ကံပျက်မည့်ကိစ္စ ၊ ကံမအောင်မည့်ကိစ္စဆိုလျှင် မုချပြောမည်ဟု ခံယူထားသည့်အတိုင်း သိမ်မနှုတ်လျှင် သီမာယသီမံမဇ္ဈောတ္ထရဏာ သိမ်ဟောင်းပေါ်ထပ်၍ သမုတ်မိလျှင် သိမ်မအောင်မည်ကို စိုးရိမ်သည် ။ သိမ်မအောင်လျှင် ကံကြီး ၊ ကံငယ်ပျက်သည်။ ဗြိတိန်လိုအင်္ဂလန်နိုင်ငံမှာ သမုတ်သည့်သိမ် မအောင်လျှင်လည်း မိမိတို့မှာ အရှက်ရမည်ကိုလည်း ပို၍ သတိထားပါသည် ။ ပိုပြီးသတိထားသည်မှာ သိမ်အောင်ဖို့ ဖြစ်သည် ။

## “နိမိတ္တကိတ္တန – နိမိတ်ကြားကြပုံ”

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မန္တလေးတိုင်း ၊ မိတ္ထီလာမြို့ - ရေလယ်ကျောင်းဆရာတော်ဘုရားကြီး ဦးလာဘာဝတအား နိမိတ်ကြားရန် အခမ်းအနားမှူး ၊ အမရပူရတောင်မြို့ ဂန္ဓာရုံဆရာတော်က လျှောက်ထားရာ နိမိတ္တပါလက နိမိတ်စောင့်များရှိရာသို့သွား၍ပါဠိဘာသာဖြင့် နိမိတ်ကြားပါသည် ။ ထို့နောက်မိမိ ပျဉ်းမနားဆရာတော်အား နိမိတ်ကြားရန် အခမ်းအနားမှူး ဂန္ဓာရုံဆရာတော်က လျှောက်ထားရာ မိမိအနေဖြင့် နိမိတ္တပါလက နိမိတ်စောင့်များရှိရာ အရပ် (၈) မျက်နှာသို့လှည့်ပတ်၍ ပါဠိ-မြန်မာ နှစ်ဘာသာဖြင့် အသံကြည်ကြည်နှင့် နိမိတ်ကြားသော အခါ အင်္ဂလန်ရောက် မြန်မာများနှင့် အင်္ဂလန် ၊ အမေရိကန်မှ တိုးရစ်တွေက သဘော

သုတေသနစာကြည့်တိုက်
သာသနာ့ဗိမာန်တော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

ကျပြီး ရုံထားသောသက်နှုန်းအိတ်ထဲ ပေါင်စတာလင်တွေ အသီးသီးထ၍ လှူကြရာ (၁၁၀၀) ကျော် အလှူခံရရှိပါသည် ။ အင်္ဂလန်နိုင်ငံ၌ မိမိ၏ အောင်ပွဲကြီး တစ်ခု ဖြစ်ပါသည် ။

" သိမ်သမုတ်ပွဲ ဆင်ကာနှဲ "

**သမာနသံဝါသသိမ် ပထမအကြိမ် ကမ္မဝါဆရာတော်များ**

၁ ။ ရန်ကုန်မြို့ ၊ နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မြင်းခြံဆရာတော် ဘုရားကြီး ။

၂ ။ ရန်ကုန်မြို့ ၊ အောင်မင်္ဂလာသိဒ္ဓိကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ

၃ ။ စစ်ကိုင်းတောင်ရိုး ၊ သီတဂူဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရှင်ဉာဏိဿရ ။

**ဒုတိယအကြိမ် ကမ္မဝါဆရာတော်များ**

၁ ။ နိုင်ငံတော်သံဃာ့မဟာနာယက အကျိုးတော်ဆောင်ချုပ် မကွေးဆရာတော် ဘုရားကြီး ၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုမာရ ။

၂ ။ ရန်ကုန်မြို့ ပေါက်စေတီကျောင်းဆရာတော် ဦးသုမိတ္တာဘိဝံသ ။

၃ ။ ဩစတေးလျနိုင်ငံ ဆစ်ဒနီမြို့ မြန်မာကျောင်းဆရာတော် ဒေါက်တာဇာဂရာ ဘိဝံသ ။

**တတိယအကြိမ် ကမ္မဝါဆရာတော်များ**

၁ ။ ဂျပန်နိုင်ငံ မိုးဂျိကမ္ဘာအေးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ခေမိန္ဒ ။

၂ ။ နီပေါနိုင်ငံ နီပေါဆရာတော် ဦးအနိုင္ဒ

၃ ။ အင်္ဂလန်နိုင်ငံ လီဟာပူးဆရာတော် ဦးပညာဒီပ

၂၇၂၄၈

**အစိပ္ပဝါသသိမ် ကမ္မဝါဆရာတော်များ**

၁ ။ အင်္ဂလန်နိုင်ငံ ဘာမင်ဂံဆရာတော် ဒေါက်တာရေဝတ ။

၂ ။ အမရပူရ ဂန္ဓာရုံဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ မဂ္ဂမဟာ ပဏ္ဍိတ ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလ ။

၃ ။ အင်္ဂလန်နိုင်ငံ တိသရဏကျောင်းဆရာတော် ဦးအဘယာလင်္ကာရ ။

## "သိမ်အောင် ဩဘာစာဖတ်ခြင်း"

သာသနာသက္ကရာဇ် (၂၅၄၂) ခု ကောဇာသက္ကရာဇ် (၁၃၆၀) ပြည့် ဝါဆို လဆန်း ပက္ခ (၃) ရက် ၊ ခရစ်သက္ကရာဇ် ၁၉၉၈ ၊ ဇွန်လ (၂၆) ရက် ၊ သောကြာနေ့ အင်္ဂလန် စံတော်ချိန် ညနေ (၇း၃၀) အချိန်တွင် ဗြိတိန်အင်္ဂလန် နေမဝင်သော နိုင်ငံတွင် မိမိ ပျဉ်းမနားဆရာတော် ဦးကဝိသာရ ပါဝင်သမုတ်သော သိမ်တော်ကြီး ဇိတံမေဖြစ်၍ အောင်ပွဲခံလိုက်ပါသတည်း ။

## "သဘောကောင်းတဲ့ အင်္ဂလန်လူမျိုး'

သိမ်သမုတ်ရန် ကြိုတင်ပြင်ဆင်စဉ်က မြင်ကွင်း ကြားကွက်တစ်ခုကို သိစေ ချင်ပါသေးသည် ။ မှတ်တမ်းတင်ပါမည် ။ ပေ (၅၀) ပတ်လည်ကျယ်သော ဓမ္မတဋာ ကစေတီကို ကမ္ဘာအေးစေတီပုံစံတည်ထားပြီး ၎င်းစေတီကြီး လှိုဏ်အတွင်းမှာ အင်္ဂလန် ကြွေပြားတွေခင်းထားရာ အရောင်တဖိတ်ဖိတ်တောက်နေပါသည် ။ ထိုစေတီအတွင်း ကျောက်နိမိတ်ထား၍ သိမ်သမုတ်ရာ၌ ကျောက်ခဲလိုအပ်ကြောင်း ပြောကာမျှဖြင့် အင်္ဂလန်လူငယ်များသည် ကားလေးနှင့်ပြေး၍ ကျောက်ခဲ (၈) လုံးယူလာပြီး ဂန္ဓာရုံ ဆရာတော်အား ကပ်သည် ။ ဆရာတော်က သေးနေကြောင်း ပြောကာရှိသေး ချက် ချင်းထွက်သွားပြီး ကျောက်ခဲ (၈) လုံးယူလာပြီး ပြပြန်သည် ။ ဂန္ဓာရုံဆရာတော်က (နိုး) သေးနေကြောင်းပြောရင်း ထွေးခံကြီးတစ်လုံးကို ကိုင်ပြရာ တတိယအကြိမ်ယူလာ သော ကျောက်ခဲကို ဂန္ဓာရုံဆရာတော်က လက်ခံသည် ။ မိမိက အင်္ဂလန်လူမျိုး သဘောကောင်းပုံ ၊ နှိမ်ချပုံ ၊ သွက်လက်ပုံ ၊ သည်းခံပုံတို့ကို စာရေးဆရာ ချစ်စံဝင်း အား ပြောမိပါသည် ။

## "သိမ်နိမိတ်ထားသင့်သော ကျောက်ခဲ"

၁ ။ မိုင်းခိုင်းကျွန်းရွာ တပိုမှာ မှတ်ပါလေးကျပ်သား (၃၂) ပိုလောက်ရှိမှ သိမ်နိမိတ်ထားကောင်းသည် (တပိဿာ နှင့် ၂၈ ကျပ်သားရှိ) ။

၂ ။ ကျိုဝန်တောင်ဖီလာ တပိုမှာ မှတ်ပါတဆယ်သား

၃ ။ ရွှေဥမင်ခေါ် ဆရာတော် တပိုနေ၁ လေးဆယ်သား

၄ ။ ဆင်တဲဂဏ္ဍ အမိန့်ရှိ မှတ်သိ တစ်ပိဿာ

## (၂၇.၆.၁၉၉၈)

အင်္ဂလန်စံတော်ချိန် နံနက်အရုဏ် (၄) နာရီ မြန်မာစံတော်ချိန် နေ့ (၁၀) နာရီတွင် အိပ်ရာထပြီး နမောတဿ စသည်ဖြင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းပါသည်။ တရားဂုဏ်တော် (၆) ပါးကို ပုတီး (၆) ပတ်စိတ်ကာ ဓမ္မာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းပြီး ပို့နေကြ ဩမိဿမေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပို့သပါသည် ။ အင်္ဂလန်စံတော်ချိန် နံနက် (၆) နာရီ မြန်မာစံတော်ချိန် ည (၁၂) နာရီတွင် ယူနိုက်တစ်ကောလိပ်ကျောင်း ထမင်းစားဆောင်သို့သွားပြီး နို့ ၊ ပေါင်မုန့် ၊ မုန့်ကြွပ်တို့ကို ပျားရည် ၊ နာနတ်ယိုပဲယိုတို့ဖြင့် ဘုန်းပေးကြပါသည် ။

စက်ာပူဆရာတော် ဦးတိလောက (ပြုံးပြုံးလေး) က ယနေ့တော့ ယိုကိုဇွန်းနှင့် ကော်ပြီး မိမိပန်းကန်ထဲရှိ ပေါင်မုန့်ကို သုတ်ပေးပါသည် ။ ယမန်နေ့ကလို ဓားနှင့် ကော်ပြီး မသုတ်ဘဲကိုဟု မိမိကပြောသောအခါ သူ၏အပြုံးခတ်သည် မိမိ၏ နှလုံးသားထိအောင် ပြုံးနေပါသည် ။ ဒီနေ့ပိုပြီး စားလို့ကောင်းပါသည် ။ အိပ်ရာမှနိုးကတည်းက ဆာနေသည် ။ အကျိုးတော်ဆောင် ဦးစန္ဒာဝရအလာကို မျှော်နေသည်။ ဦးစန္ဒာ (လမင်း) ကြီးသည် အမြဲတမ်း ပြုံးပြုံးကြီး လာရောက်ပင့်နေကြဖြစ်သည့်အတိုင်း သူလာလျှင် လိုက်နိုင်ရန် အသင့်စောင့်နေပါသည် ။

ထို့ပြင် သဘာဝသမိုင်းပြတိုက်သို့ရောက်သည် ။ လှုပ်ရှားနိုင်သော စက်ရုပ်တစ်ခုကိုတွေ့သည် ။ သူ့ကို ဒိုင်နိုဆောခေါ် ကြောင်းသိရသည် ။ အော်မြည်၍လည်း ပြသည် ။ ပါးစပ်ဟတော့ အနံ့ဆိုးထွက်သည် ။ မြန်မြန်ပြန်ထွက်ခဲ့၏ ။ ဒီစက်ရုပ်ကို ဂျပန်ကုမ္ပဏီတစ်ခု၏ အကူအညီယူကာ ပြုလုပ်ထားကြောင်း သိရသည် ။

ထို့ပြင် ထိုနေ့က အင်္ဂလန်နိုင်ငံ၏ အနောက်မြောက် (မိုကမ်ဘီ) ပင်လယ်ကမ်းခြေသို့ရောက်သည် ။ အခြားဆရာတော်တွေ မပြောနိုင် ၊ အဖော်ကောင်း၍ တစ်ပါးတည်း ဆရာဝန်ဒေါက်တာလွင်လွင်နှင့် လိုက်သွားသည် ။ ထိုကမ်းခြေ၌ ဒိုးပျံလုပ်နေသော စခန်းတစ်ခုသို့ရောက်သည် ။ ဒိုးပျံလုပ်သူက သူ့ဒိုးပျံ သူစီးရန်ဟုပြောသည် ။ သူသည် သွားတိုက်ဆေးကို မိမိစတင်တီထွင်ကြောင်းလည်းပြောသည်။ ဒီကမ်းခြေ လိုက်သွားတာကတော့ ဆရာခင်သား မိမိကျောင်းတိုက်မှာ ရဟန်းခံသွားသူ ဒေါက်တာသိန်းထီ ၊ ဒေါက်တာအောင်ကြည်နှင့် ဒေါက်တာတင်စိုးတို့ကို တွေ့ချင်လို့ဖြစ်သည် ။ မတွေ့ခဲ့ရပါ ။ ကမ်းခြေမှာ သာယာသည် ။ အေးမြသည် ။ သာယာအောင်လည်း ပြုပြင်ထားသည် ။ သူစီးမည့် ဒိုးပျံကြီး အမြန်အောင်ပါစေ ၊ သူလည်း စီးနင်းလိုက်ပါနိုင်ပါစေ ဆုတောင်းတော့ မိမိက ဟင်းလင်းပြင်ကြီးမှာ သွားလာနေလိုကြောင်း ထပ်မံပြောသည်ကို ဒေါက်တာလွင်လွင်က ရှင်းပြပါသည် ။

ထိုနေ့က အလွန်မြင့်မားထည်ဝါခန့်ညားသည့် နာရီစင်ကြီးကို မြစ်တစ်ခုအနီးတွင် တွေ့ရသည် ။ ဒေါက်တာရေဝတ ဆရာတော်က ဤနာရီစင်ကြီးသည် ကမ္ဘာကျော် လန်ဒန်ဆစ် (ဂ်) ဆင်နာရီစင်ကြီးခေါ်ကြောင်း ပြောပြသည် ။ လှလည်းလှပါသည် ။ ထိုနာရီစင်အနီး၌ ဂျပန်သမီးပျိုလေးတစ်ဦးက မိမိအား အရပ်ခိုင်းကာ ဓာတ်ပုံရိုက်ယူသည် ။ ဘယ်တိုင်းပြည်ကလဲဟုမေးရာ (ဘားမား) ဟုပြောရာ မဟာစည်ရိပ်သာကိုမေးပါသည် ။ သူအဲဒီရိပ်သာ ရောက်ဘူးကြောင်းပြောသည် ။

## "ဘုရားအနေကဓာတင်ပွဲ"

အင်္ဂလန်စံတော်ချိန် နံနက် (၇) နာရီတွင် တည်းခိုရာ ယူနိုက်တစ်ကောလိပ်မှာ ဘုရားသို့သွားကြရန် ကားလာသဖြင့် ကြွကြသည် ။ မကြာမီပင် နိုင်ငံတော်သံဃာ့မဟာနာယက ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်ချုပ်တို့ ရောက်လာသည် ။ ထို့နောက်မြို့တော်ဝန်ရောက်လာသည် ။ သူမက ဦးညွှတ်၍ ဂါရဝပြုသည် ။

## "မြို့တော်ဝန် အမျိုးသမီး"

မြို့တော်ဝန်မှာ အမျိုးသမီးဖြစ်သည် ။ မြို့တော်ဝန်မှာ ရွှေကြိုးကို စလွယ်သိုင်းထားသည် ။ အသက် (၄၀) ခန့်ရှိမည် ။ ချောသည် ။ လှသည် ။ ဖော်ရွေသည် ။ ပြုံးရွှင်သည် ။ ရဟန်းရှင်လူအားလုံး ဝိုင်းဝန်းကြည့်ကြ ၊ ဓာတ်ပုံရိုက်ကြသည် ။ သူမက ဦးညွှတ်အလေးပြုသည် ။ ဘုရားထီးတင်ပွဲကို ရွှေကြိုးဖြတ်၍ ဖွင့်ပေးရန် မြို့တော်ဝန်က နိုင်ငံတော်သံဃာမဟာနာယကဥက္ကဋ္ဌအား ရွှေကပ်ကြေးဆက်ကပ်သည် ။ ဥက္ကဋ္ဌဆရာတော်နှင့်အကျိုးတော်ဆောင်ချုပ် မကွေးဆရာတော် ၊ မန္တလေး ၊ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်တို့ (၃) ပါးက ရွှေကြိုးကိုဖြတ်၍ ဖွင့်ပေးသည် ။ အားလုံးအတွင်းဝင်ကြသည် ။ နိုင်ငံတော်မဟာနာယကနှင့် အတွင်းရေးမှူးခေါင်းဆောင်၍ အနေကဇာတင်သည် ။ ပရိတ်ရွတ်သည် ။ ဤအင်္ဂလန်ရှိ ထေရဝါဒရဟန်းတော်များနှင့် အမေရိကန် ၊ သြစတေးလျ ၊ ထိုင်း ၊ သီဟိုဠ် ၊ ဂျပန် ၊ နီပေါ ၊ အိန္ဒိယ ၊ ဂျာမနီ ၊ ပြင်သစ် ၊ လာအို ၊ ဗီယက်နန် စသည်တို့မှ နိုင်ငံစုံကြွလာကြသလို ကိုယ့်အလေ့အထအတိုင်း အနေကဇာတင်ကြသည်မှာ တဖွဲ့ပြီးတစ်ဖွဲ့ ဖြစ်ပါသည် ။ ဗုဒ္ဓဘာသာ၏ အနှစ်သာရရှိပုံကို တွေ့ရသဖြင့် ကျေနပ်ပါသည် ။ ကမ္ဘာတစ်ဝှမ်းလုံး ဗုဒ္ဓဝါဒကို လက်ခံနေပုံကို တွေ့ရသည် ။

အင်္ဂလန်စံတော်ချိန် နံနက် (၁၀) နာရီ ၊ မြန်မာစံတော်ချိန် ညနေ (၄) နာရီတွင် ဆွမ်းစားရမည့် ရွက်ထည်ရုံထဲသို့သွားကြသည် ။ ဂျပါတီ ၊ ပဲဟင်း ၊ အာလူးဟင်း ၊ နံပြားတို့ကို ရှေးဦးစွာကပ်၍ အောင်မင်္ဂလာသိဒ္ဓိဆရာတော်နှင့် တစ်ပွဲတည်း (၂) ပါး ဘုန်းပေးသည် ။ မကြာမီ ဆွမ်းဖြူလာလိုက်သည် ။ မန္တလေးအရီးတောင်းကယမန်နေ့ကလို လက်ဖက်သုတ် အစုံကပ်သည် ။ စားလို့ကောင်းသည် ။ ဆွမ်းစားပြီးမိုးတဖွဲဖွဲရွာနေသည် ။ တစ်ချို့လည်း ဘုရားလှိုဏ်ဂူထဲဝင်သည် ။ တစ်ချို့ကတော့ အပြင်မှာ ထီးဆောင်းနေကြသည် ။

## "ဘာသာစုံဟောပြောပွဲ"

မိုးစဲသွားသည် ။ ဘုရားမှ (၅) မိနစ်လောက်လျှောက်ရသော ခန်းမသို့ ဘုရားရုပ်ပွားတော်များကို ရှေ့ကပင့်၍ ရဟန်းရှင်လူအားလုံး နောက်ကလိုက်ကြရသည် ။ ရှေ့ဆုံးမှ သီဟိုဠ်ကုလားအမျိုးသား ၊ အမျိုးသမီးလေးများက တီးမှုတ်ကခုန်၍ ဘုရားပင့်သည် ။ ခန်းမကြီးအနီးတွင် ကန်တော်ကြီးရှိသည်မို့ ရေပေါ်ကို ဖြတ်ကျော်လာသော လေနုအေးက ပရိတ်သတ်ကြီး၏ စိတ်အစဉ်ကို အေးမြစေသည် ။ ခန်းမကြီးမှာလည်း ခန့်ညားသည် ။ ထည်ဝါသည် ။ စတိတ်ခုံကြီးမှာ ရှုံးအပြည့်ဖြစ်သည် ။ မီးစလိုက်ရောင်စုံထွန်းထားသည် ။ စင့်မြင့်ပေါ်တွင် သံဃာ့မဟာနာယကဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်ချုပ် ဒေါက်တာရေဝတ ၊ ဦးဉာဏိဿရ အပြင် သီဟိုဠ် ၊ နီပေါ သံဃာ့နာယကဆရာတော်ကြီးတစ်ပါး ပေါင်း (၄)ပါး သီတင်းသုံးထိုင်နေကြသည် ။ သံဃာတော်များက စတိတ်ခုံ၏ လက်ယာဘက်တွင် သီတင်းသုံးသည် ။ မြန်မာပရိတ်သတ်လည်း ထို့အတူ ခန်းမကြီးတစ်ဝက်ခန့် လက်ယာဘက်တွင် ကုလားထိုင်များတွင် ထိုင်သည် ။ အင်္ဂလန်နိုင်ငံသူ/သားများက စတိတ်ခုံ၏ လက်ဝဲဘက်ပိုင်းတွင် ထိုင်သည် ။

မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းအောင်နှင့် ဒေါ်စံယုံ (ပျဉ်းမနားဇာတိ) (ဆရာကြီးဦးတင်၏ သမီး) တို့က စတိတ်ခုံအနီးကုလားထိုင်တွင် မြို့တော်ဝန်နှင့်အတူ ထိုင်ကြသည် ။ အစည်းအဝေးအဖွင့်အဖြစ် အဆိုတော် မာမာအေးကရောင်တော်ဖွင့် သီချင်းကြီးဖြင့် စောင်းနေဝါနှင့် တွဲဖက်၍ ဖွင့်ပေးသည် ။ အဆိုတော် ရဝေထွန်း ရတုပိုဒ်စုံကို စည်းကိုင်၍ သီဆိုသည် ။ မာမာအေးကို မမြင်ဘူးပါ ။ ယခုမှ မြင်ဘူးပါသည် ။ အင်္ဂလန်ကြအောင် ကျော်တဲ့အဆိုကျော် ဖြစ်ပါသည် ။ အသံသာသည်။ ငြိမ့်သည် ။ ကြည်သည် ။ ပီသသည် ။ နားဝင်ချိုသည် ။ သူမအသံကို စောင်းနေဝါက အကောင်းတွေပါအောင် ဖြည့်ပေးသည် ။

ထို့နောက် လန်ဒန်မြို့တော်နေသော ဒေါ်လှလှတို့ မြန်မာယောဂီအဖွဲ့က ငါးပါးသီလတောင်းသည် ။ ဒေါက်တာရေဝတ ငါးပါးသီလပေးသည် ။ အင်္ဂလန်ဘက်က အင်္ဂလန်သားတစ်ဦးက အခမ်းအနားမှူးလုပ်ပြီး မြန်မာဘက်က ဘီဘီစီ ဦးနေဝင်းက အခမ်းအနားမှူး ပြုလုပ်သည် ။ ထို့နောက်မှာတော့ ဘာသာပေါင်းစုံဟောပြော

ပွဲ ပြုလုပ်သည် ။ နောက်ဆုံး၌ သံဃာ့မဟာနာယက ဥက္ကဋ္ဌဆရာတော်ကြီး၏ မိန့်ခွန်းကို အကျိုးတော်ဆောင်ချုပ် မကွေးဆရာတော် ဖတ်သည် ။ ထိုမိန့်ခွန်းကို သီတဂူဆရာတော်ကြီး ဦးဉာဏိဿရက အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုရာ နားထောင်လို့ကောင်းသည် ။ သီတဂူဆရာတော်ကြီး ဘာသန္တရကို ကောင်းကောင်းကြီး ကျွမ်းကျင်ပါသည်။ လန်ဒန်သားများက ဩဘာပေးသည် ။

နိဂုံးချုပ်အနေဖြင့် မာမာအေးက စောင်းနေဝါအပြင် အဆိုတော်တစ်ဦးနှင့်ပါ တွဲဖက်ပြီး ညောင်ကန်အေးဆရာတော်၏ ရတုကိုလည်းကောင်း ၊ ရဝေထွန်း၏ ကာလပေါ်တေးထပ်ကိုလည်းကောင်း ကိုယ်တိုင်စည်းကိုင်၍ သီဆိုကာ အစည်းအဝေးအခမ်းအနားကို ရုပ်သိမ်းပါသည် ။ အဆောင်ပြန်ပါသည် ။ ညပိုင်းတွင် နမောတဿဖြင့် ဘုရားရှိခိုးပြီး ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းပါသည် ။ ပွားနေကြ တရားဂုဏ်တော် (၆) ပါး ပုတီးစိတ် ၊ ဓမ္မာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းသည် ။ အပိုနှင့်တကွ ဩမိဿအနောမိဿမေတ္တာ ကမ္မဋ္ဌာန်းစီးဖြန်းပြီး စောစောအိပ်သည် ။

## (၂၈.၆.၁၉၉၈)

နံနက် (၄) နာရီ (အင်္ဂလန်စံတော်ချိန်) တွင် အိပ်ရာမှထ နမောတဿစသည်ဖြင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းသည် ။ ထို့နောက် သံဃာနုဿတိကမ္မဋ္ဌာန်းကို ပုတီး (၉) ပတ်စီးဖြန်းသည် ။ ဩမိဿ မေတ္တာကမ္မဋ္ဌာန်း အထူးစီးဖြန်းသည် ။ (၆) နာရီတွင် ယူနိုက်တစ်ကောလိပ် ထမင်းစားဆောင်သွားပြီး ၊ နို့ ၊ ထောပတ် ၊ ယို ၊ ပျားရည်အသားကပ်မုန့်တို့ကို ဘုန်းပေးသည် ။ မန္တလေးဘုရားကြီးတိုက်ပင်းတယကျောင်းဆရာတော် ဦးဝိမလက မလေးရှားမှာ တစ်ကြိမ် ၊ အင်္ဂလန်ဘာမင်ဂံမှာ တစ်ကြိမ် ခေါင်းရိတ်ပေးသည် ။ တိုင်းတစ်ပါးမှာ အကျိုးဆောင်သဖြင့် ကျေးဇူးတင်ပါသည် ။ အင်္ဂလန်စံတော်ချိန် နံနက် (၈) နာရီ ကားလာသဖြင့် ဘုရားသို့ လိုက်သွားသည် ။ သံဃာ့မဟာနာယကဆရာတော်ကြီးက ငါးပါးသီလပေးပြီး မကွေးဆရာတော်က အနုမောဒနာအပြင် ရေစက်သွန်းချ အမျှပေးဝေသည် ။

**အနုမောဒနာ တရားကို မှတ်တမ်းတင်ခဲ့ပါသည် ။**
**ဘုရားကိုးကွယ် ၊ တန်ခိုးကြွယ် ၊ အပါယ်မကျ ၊ နိဗ္ဗာန်ရ ။**
**တရားကိုးကွယ် ၊ ပညာကြွယ် ၊ အပါယ်မကျ ၊ နိဗ္ဗာန်ရ ။**
**သံဃာကိုးကွယ် ၊ စည်းစိမ်ကြွယ် ၊ အပါယ်မကျ ၊ နိဗ္ဗာန်ရ ။**
**ဆရာတော်၏ တရားသည် တိုရှင်းလိုရှင်းဖြစ်ပါသည် ။**

နေ့လည်ပိုင်း ဆွမ်းစားအပြီး (၁) နာရီတွင် အဆိုတော် မာမာအေးက စန္ဒယားဒေါက်တာလှမိုးနဲ့တွဲဖက်ပြီး ရောင်ခြည်တော်ဘွဲ့သီချင်းကြီးများကို သီဆိုညှော်ခဲ့ပါသည် ။ ပွဲတောင်းသဖြင့် နောက်ထပ် (၂) ပုဒ် ဆိုပါသေးသည် ။ ပေါင်းစတာလင်တွေလည်း ဆုချကြပါသည် ။ တော်ပါပေ့ မာမာအေး ၊ ကျော်ပါပေ့ မာမာအေးဟု ချီးကျူးကြ ၊ ဓာတ်ပုံရိုက်ကြ နှုတ်ဆက်ကြပါသည် ။ ထို့နောက် ကြေးမုံဦးသောင်းခေါ် စာရေးဆရာအောင်ဗလ အပါအဝင် ဘာသာစုံမှ ပုဂ္ဂိုလ်များ ၊ ဘာသာအလိုက် ဟောပြောကြပါသည် ။ ညနေ (၅) နာရီ တည်းခိုသော ယူနိုက်တစ်ကောလိပ်သို့ ပြန်ရောက်ပါသည် ။

အင်္ဂလန်ည (၁၀) နာရီ ၊ မြန်မာနံနက် (၄) နာရီတွင် နေလုံးပျောက်ကွယ်၍ နေဝင်ပါသည် ။ (၁၀) နာရီဆိုတော့ အိပ်ချိန်ကျ၍ အိပ်စက်ကြပါသည် ။

## (၂၉.၆.၁၉၉၈)

အင်္ဂလန်နံနက် (၄) နာရီ မြန်မာည (၁၁) နာရီတွင် အိပ်ရာထ ၊ မျက်နှာသစ်ပြီး နမောတဿဖြင့် ဘုရားဂုဏ်တော်ကို ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်း၍ ဩဝိဿ မေတ္တာပို့ပါသည် ။ ထို့နောက် တရားဂုဏ်တော် (၆) ပါး ပုတီးစိပ်၍ ဓမ္မာနုဿတိ ကမ္မဋ္ဌာန်း ပုတီးခြောက်ပတ် စီးဖြန်းပါသည် ။ ဒီနေ့ သံအမတ်ကြီး ဦးဝင်းအောင် ၊ ဒေါ်စံယုံ အိမ်တွင် နေ့ဆွမ်းကပ်မည်ဖြစ်၍ နံနက် အရုဏ်စောကျောင်းမှာ ဘုန်းပေးသည် ။ ကားအလာစောင့်နေပါသည် ။ အင်္ဂလန် (၈) နာရီတွင် ကားရောက်လာသဖြင့် သံအမတ်ကြီးအိမ် ဆွမ်းစားကြွကြသည် ။ သံအမတ်ကြီးအိမ် နံနက် (၁၁) နာရီတွင် ရောက်ပြီး ဆွမ်းဘုန်းပေးသည် ။ ဟင်းတွေမှာ စုံလှပါသည် ။ ကြက်သားဟင်း ၊

ပုဇွန်ဟင်း ၊ ငါးဟင်း ၊ ခေါက်ဆွဲကြော် ၊ ပဲပြား စသည်နှင့် ခဲဘွယ်များမှာ သစ်သီးမျိုးစုံ ၊ နို့စသည်တို့ဖြစ်ပါသည် ။ ဆွမ်းစားသံဃာမှာ ထိုင်း ၊ သီဟိုဠ် ၊ နီပေါသံဃာများနှင့် မြန်မာသံဃာပါအားလုံး (၄၅) ပါး ဖြစ်သည် ။ သံဃာ့မဟာနာယက ဥက္ကဌဆရာတော်ကြီးက သီလချီးမြှင့်သည် ။ အကျိုးတော်ဆောင်ချုပ် ဆရာတော်က ဇောအကြောင်းအကျိုးပေးပုံ အနုမောဒနာပြု ရေစက်ချသည် ။ သံဃာမဟာနာယကဆရာတော်ကြီး (၂) ပါးတို့အား ကင်မရာ (၁) လုံးစီ ၊ ကျန်သံဃာ (၄၃) ပါးတို့အား စတာလင်ပေါင် (၁၀) စီ ၊ (၄၃၀) လှူဒါန်းပါသည် ။

မြန်မာငွေအနေဖြင့် တစ်ပေါင် (၅၀၀ိ/-) ၊ (၁၀) ပေါင် ၅၀၀၀ိ/- ဖြစ်ပါသည်။

ပရိတ်ဟောပြီး သံအမတ်ကြီးက လန်ဒန်မြို့ပေါ်အနှံ့ လိုက်ပို့ပေးသည် ။ မိမိနှင့်ဂန္ဓာရုံဆရာတော်တို့မှာ ယမန်နေ့က ရောက်ပြီးပြီမို့ မလိုက်တော့ပါ ။ ဝန်ကြီးဦးကိုကို ၊ ဒေါ်မိမိတို့၏သား ဆရာဝန်ဒေါက်တာခင်မောင်ထွန်းက ၎င်း၏အိမ်သို့ ပင့်သဖြင့် လိုက်သွားသည် ။ ဘောင်းဘီနှင့်အနွေးအကျီ ၊ ခြေအိတ်ပေး၍ စမတ်ကျကျ ဝတ်လိုက်သည် ။ သင်္ကန်းအောက်က ခံဝတ်လိုက်သည် ။ စကားစမြည်ပြောပြီး အန္တရာယ်ကင်းပရိတ်ဟော ၊ ပရိတ်ရေဖြန်းသည် ။ ပရိတ်ဟောပြီးနောက် ပေါင် (၅၀) နဝကမ္မ လှူသည် ။ ခဏနေပြီး ကင်စတန်ဈေးသွားသည် ။ ကုန်တိုက်ကြီးတွေပေါ်မှာ ပရိဘောဂအသုံးအဆောင် စုံနေသည် ။ အားလုံးဈေးကြီးသည် ။ မိမိအား ဖောင်တိန် (၁) ချောင်း လက်ဆောင်ဝယ်လှူသည် ။ (၁၀) ပေါင် ပေးရသည် ။ တစ်ပေါင် မြန်မာငွေ (၅၀၀) နှင့်တွက်လျှင် (၅၀၀၀) တန်သည် ။ စတိုးဆိုင်ကြီးတွေ ဟီးနေသည် ။ ပစ္စည်းတစ်ခုကိုင်၍ မေးကြည့်ရာ မြန်မာပြည်ထက် ဈေးကြီးသည် ။ ဈေးရောင်းသူက အမျိုးမှန်လို့ အဖိုးတန်တာဟု ပြောသည် ။

"အင်္ဂလန်နိုင်ငံဘွဲ့ တေးထပ်"

၁ ။ အင်္ဂလန်သာယာလှတယ်လို့ ကမ္ဘာကပြောသည် ။
သဘာဝစောမနသီ မနောကြည့်ရှင်ပြုံး ၊
ဂွတ်တမောနင်း သူ့အသံကို ယနုတဖန်ကြားလို့နေတုန်း ။
၂ ။ ဈေးထဲသို့ရောက်ပါတယ် ဆံတောက်ကညာ ရယ်မှတ်အုန်း ။
နောက်အခါဝယ် မပြတ်သုံးချင်လို့ မြတ်ဘုန်းဘုန်းကဝိထေရ် ။
ပစ္စည်းကိုကိုင်ကာမေးလိုက်တော့ ငိုင်ခါငေး တွေးမှိုင်ဘို့ဖြေ ။
၃ ။ ကြီးလိုက်ဈေးတွေရယ် မေးတာတောင်ရှက်ပါဘိရယ်လို့ ။
မျက်နှာ၏ အသွင်အပြင်မှာ ၊ ထားမို့စက်သဗျာ ။
အမျိုးမှန်လို့ အဖိုးတန်တာကို သတိုးပြန်ခါ စဉ်းစားပါတဲ့လေး ။

"အင်္ဂလန်နိုင်ငံဈေးကြီးပုံ တေးထပ်"

၁ ။ အင်္ဂလန်သာယာစွ ၊ မဟာနေစုံလင် ၊ ကမ္ဘာကဂုဏ်တင်သည်
အပုံပင်လွန်ပေါ ။
အဖိုးထိုက် အဖိုးတန် အမျိုးမှန်ဈေးတော့မပေါ ။
၂ ။ ဈေးကြီးလို့မဝယ်လျှင် ၊ စပွါယ်ခင်မနော ၊ တကယ်ပင်
အညာသဘောဓာတွေနှင့် ဘုပြောလိမ့်ကိုယ်ထင် ။ သူ့နိုင်ငံ သူ့ပေါင်နှန်းကိုလ
လူ့ဘောင်မရှုံး သုံးကြ စတာလင် ။
၃ ။ အဖိုးထိုက်လို့ ရိုးတိုက်တင်သည် ။ အမျိုးလိုက်ပင် ထာဝစဉ် ပြုံးပါလို့
၊ ကမ္ဘာတခွင်လုံး ယနုတိုင် သုံးကြမြိုင်မြိုင် "သူ့ပစ္စည်းတကယ်နိုင်သည်
စပွါယ်လှိုင် မွေးတာမို့လေး ။ ။

ဘုရင်မ ပိုင်သောပန်းခြံသို့သွားသည် ။ ပန်းခြံမှာ ဧက (၁၀၀) ခန့်ကျယ်မည်ဟုပြောသည် ။ ပန်းခြံပတ် ကားလမ်း ၊ စက်ဘီးလမ်းရှိသည် ။ မြက်စိမ်းစိမ်းလေးတွေ ပြုပြင်မွေးမြူထားသည် ။ သစ်ပင်ကြီးတွေ မွေထား ၊ ထိန်းသိမ်းထားသည်မှာ လုံးပတ် လူ (၃) ဖက်ဖက်လောက်ရှိသည် ။ တစ်ပင်တည်းမဟုတ် တောကြီးဖြစ်သည်။ ချေငယ်လေးတွေနှင့် သမင် ၊ စိုင် ၊ ဆတ်တွေကို အုပ်လိုက်တွေ့ရသည် ။ သမင်

ပေါင်း (၈၀၀) လောက်ရှိကြောင်း ဒေါက်တာခင်မောင်ထွန်းက ပြောသည် ။ အပန်းဖြေ ကားဖြင့် လမ်းလျှောက်သူတွေ ၊ ကားရပ်စခန်း၌ကားထားပြီး လမ်းလျှောက်အပန်းဖြေ သူတွေ များလှသည် ။ တချို့က မြင်းစီးသည် ။ ည (၈) နာရီ ဝံပလီကျောင်းသို့ ပြန် ရောက်သည် ။ မောသဖြင့် ဗုဒ္ဓါနုဿတိ စသော ကမ္မဋ္ဌာန်းစီးဖြန်းခါ စောစောအိပ် လိုက်သည် ။

## (၃၀.၆.၁၉၉၈)

နံနက်အရုဏ်ဆွမ်းအတွက် မုံရွာဇာတိ အင်္ဂလန်နေ တကာကြီး ဦးသိန်းဌေး မိသားစုတို့က ဆွမ်းကပ်ပါသည် ။ နေ့ဆွမ်းအတွက် ဒေါ်မော်လီ တို့က ဆွမ်းကပ် သည် ။ ဆွမ်းမစားမီ အကျိုးတော်ဆောင် ဦးစန္ဒာဝရက ပရိတ်ဟောဘို့ အစီအစဉ်ကို လျှောက်ထားသည် ။ မိမိက ဆုတောင်းအမျှဝေပေးသည် ။ ဗွီဒီယိုရိုက် မှတ်တမ်းတင် ထားသည် ။

နေ့ (၁၂း၃၀) တွင် အောက် (စ်) ဖိုလ် တက္ကသိုလ် သွားရောက်လေ့လာရန် တကာခံထားသူ ဒေါ်မော်လီစိုးနှင့် မိခင်ကြီးတို့က ကားနှင့်ရောက်လာသည် ။ မိမိတို့ အားလုံး (၁၂) ပါး ကားဖြင့် လိုက်သွားရာ ဂန္ဓာရုံဆရာတော်က ကိုယ့်ကျောင်းမှာတော့ လူကြီးဘဲ ၊ အခုတော့ ကလေးသဘောထားပါသည်ဟုပြောရာ ဒေါ်မော်လီက ဆရာ တော်တို့ စိတ်ချမ်းသာပြီး လွတ်လွတ်လပ်လပ်ကြွပါ ၊ ပြောပါ ၊ တပည့်တော်တို့ကို လည်း မေ့ပစ်ပါဟုပြောသည် ။ တော်ပါပေ့ ၊ ပါးပါပေ့ မမော်လီ၏ ဒီအပြောကို မမေ့နိုင်ပါ ။ ကျေးဇူးတင်ပါသည် ။ ဝင်ဆာနန်းတော်ကြီးကို လေ့လာသည် ။ ဘုရင်မ နေသော နန်းတော်ဖြစ်သည် ။ အစောင့်အကြပ်တို့ဖြင့် လုံခြုံသည် ။ နန်းတော်ကြီးမှာ ခန့်ညားထည်ဝါသည် ။ ကုန်းမြင့်ပေါ်မှာ ဆောက်ထားသည် ။ အတွင်းသို့ဝင်၍ လေ့လာနိုင်ရန် တစ်ပါးလျှင် (၉) ပေါင်ခွဲ ဝင်ကြေးပေးရသည် ။ ဒါကို ဒေါ်မော်လီစိုး တို့သားအမိက တကာခံသည် ။ ဝင်ဆာနန်းတော်ကြီးအတွင်းသို့ ဝင်ရောက်လေ့လာ ရာ မြင်နေရသော နန်းတော်ကြီးပုံစံအတိုင်း ပုံစံတစ်ခု အတွင်းမှာ တည်ဆောက်ထား သည်ကို တွေ့ရမြင်ရသည် ။ ဘုရင်မ အသုံးအဆောင်ပစ္စည်းတွေအပြင် သံချပ် စစ်ဝတ်စုံမျိုးစုံ ၊ ရှေးဟောင်းပစ္စည်းတွေကို ပြသထားသည် ။ ထိန်းသိမ်းထားနိုင်ခြင်းကို

အင်္ဂလိပ်အားချီးကျူးပါသည် ။ လှည့်ပတ်ကြည့်ရှုရာ (၂) နာရီခန့် ကြာပါသည်။ ဝင်ဆာနန်းတော်အမည် ရန်ကုန်မြို့မှာ ဝင်ဆာလမ်းဟု မှတ်တမ်းတင်ခဲ့သည်ကို သတိရမိသည် ။

## "အောက် (စ်) ဖို့လ် တက္ကသိုလ်ကြီး"

ထို့နောက် ကမ္ဘာကျော်အောက် (စ်) ဖို့တက္ကသိုလ်သို့ သွားကြသည် ။ ယင်းတက္ကသိုလ်ကြီးမှာ အရံကျောင်းပေါင်း (၃၉) ခု ရှိသည်မို့ မြို့ကြီး (၁) မြို့လောက်ရှိသည် ။ အဆောက်အဦးကြီးတွေမှာ မြင့်မားသည် ။ ခန့်ညားသည် ။ ထည်ဝါသည်။ တက္ကသိုလ်ကြီးကို ပတ်လမ်းအတိုင်း ကားဖြင့်တစ်ပတ်ပတ်သည် ။ တစ်နေရာမှာ ကားပေါ်ကဆင်းပြီး ခြေလျင်လှည့်လည်ကြည့်ရှုသည် ။ ဓါတ်ပုံမျိုးစုံ ၊ နာရီစင်တွေပါပါအောင် ဓာတ်ပုံရိုက်သည် ။ ဤတက္ကသိုလ်ကြီးမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်ဘွဲ့ရခဲ့သည် ။ ဒေါ်မော်လီက ဖလင် (၃) လိပ်ဝယ်ပြီး မိမိပါ (၃) ပါးအား တစ်လိပ်စီ လှူသည် ။ သာဓုခေါ်ပါသည် ဒေါ်မော်လီ ။

## (၁.၇.၁၉၉၈)

လန်ဒန်နံနက် (၄) နာရီ မြန်မာည (၁၀) နာရီ ညအိပ်ရာမှထပြီး ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စသည်စီးဖြန်းသည် ။ နံနက် (၄) နာရီဆိုပေမယ့် အင်္ဂလန်မှာ နေရောင်လင်းလာပါပြီ ။ ယနေ့သွားရန် အစီအစဉ်မရှိပါ ။ သံအမတ်ကြီးအိမ် ဖုန်းဆက်ဖို့ အစီအစဉ်ရှိပါသည် ။ မစံယုံဖုန်းကိုင်သည် ။ မိနစ် (၃၀) ကြာပြောသည် ။ သူမ အားမရပါ။

နံနက် (၆) နာရီတွင် ဒေါက်တာခင်လေးသိမ်းက အရုဏ်ဆွမ်းကပ်သည် ။ ဆွမ်းကပ်ပြီး ပရိတ်ရွတ်သည် ။ ဒီနေ့ ဂန္ဓာရုံဆရာတော်ကြီးက ရေစက်ချ အမျှပေးဝေသည် ။ သာဓုခေါ်ပြီး ပေါင်စတာလင် (၁၀) စီ သံဃာ (၁၄) ပါးအား လှူဒါန်းသည်။ လိပ်စာကတ်လည်း ဆက်ကပ်သည် ။ သူ၏ဖုန်းမှာ ၀၁၈၁/၉၀၈-၃၂၄၉ ဖြစ်သည်။

နံနက် (၈) နာရီတွင် ရေချိုးသည် ။ သင်္ကန်းဖွတ်လျှော်သည် ။ ခေတ္တကျိန်းစက်သည် ။ နေ့ဆွမ်းအတွက် ဒေါက်တာမောင်မောင်လွင် ၊ ဒေါက်တာရီရီမြင့် ဒေါက်တာအောင်ကြည်မြင့် ၊ ဒေါက်တာဌေးဌေးရီ တို့က ဆက်ကပ်သည် ။ ဝက်သား

ကြက်သားကြော် ၊ ကြက်ဟင်းခါးသီး ၊ ငါးဖယ်သုတ် ၊ ငပိရည် ၊ ဝက်သရောင် ၊ ပုဇွန် ၊ တို့စရာ စုံလင်ဖွယ်ရာ မွန်မြတ်သလို ခဲဘွယ်မှာလည်း လက်ဖက် အစုံသုတ် (အရှိုးတောင်း) ၊ ပန်းသီး ၊ ချယ်ရီသီး ၊ အိုက်စ်ခရင်း ၊ ယိုမျိုးစုံ စသည်တို့အပြင် ပူရှိန်း ၊ အစာကြေဆေး ၊ ပူရှိန်းချောကလက် ၊ စပျစ်သီးပုံး စသည်တို့ဆက်ကပ်သည်။

ရေစက်ချပွဲတွင် ဩစတြေးလျနိုင်ငံ ဒေါက်တာဇာဂရ ဆရာတော်က ငါးပါးသီလ အကျဉ်းပေးပြီး တရားဟော ရေစက်ချသည် ။ အလှူရှင်များက ပေါင်စတာလင် (၁၀) စီ ဝါကြီးသော မိမိတို့ (၅) ပါး ၊ ဂန္ဓာရုံ (၂) ပါး ၊ ပေါက်စေတီ ၊ ဩစတြေးလျ ဆရာတော်တို့အား ဆေးလှူသည် ။ လန်ဒန်ည (၁၀) နာရီ နေဝင်ပြီး နေလုံးပျောက်ပါသည် ။ (၁၀) နာရီစတင် အိပ်မှလည်း အိပ်ရေးဝမှာမို့ နမောတဿ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းပြီး သံဃာနုဿတိကမ္မဋ္ဌာန်းနှင့် ဩဓိဿ ၊ အနောဓိဿ မေတ္တာ ကမ္မဋ္ဌာန်းစီးဖြန်းပြီး အိပ်စက်ပါသည် ။

## (၂.၇.၁၉၉၈)

### "မစံယုံ၏ မင်္ဂလာလက်ထပ်ပွဲ မမေ့ပါ"

လန်ဒန်နံနက် (၄) နာရီ မြန်မာည (၁၀) နာရီ အိပ်ရာမှနိုးရာ မိုးစင်စင်လင်းနေပါပြီ ။ နမောတဿဖြင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း ၊ ဩဓိဿမေတ္တာ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း ပြုပါသည် ။ ဤနေ့ (၈) နာရီခန့်တွင် သံအမတ်ကြီးအိမ် ကြွရမည်ဖြစ်၍ ဝမ်းသာပီတိဖြစ်နေမိပါသည် ။ သံအမတ်ကြီးမှာ မြန်မာပြည် ၊ ထားဝယ်ကဖြစ်ပြီး သံအမတ်ကြီးကတော်မှာ မိမိတို့ ပျဉ်းမနားမြို့ ၊ မကျီးတောရပ်ကျောင်းဆရာကြီး ဦးတင် ၊ ဒေါ်တင်ရီ တို့၏သမီးဖြစ်သည် ။ သူမ၏ မင်္ဂလာလက်ထပ်ပွဲတွင် မိမိက မင်္ဂလာဩဝါဒတရားဟောပေးခဲ့ဘူးသည်ကို သူမက ထပ်ပြောသည်။ မိမိကမူ မေ့နေသော်လည်း ပြောလိုက်တော့ မင်္ဂလာတရားဟောခဲ့ပုံ ၊ မင်္ဂလာ ဩဝါဒ ချိုချိုအေးအေး တရားဟောခဲ့ပုံတို့ကို စုံစုံလင်လင် သတိရလာသည် ။ ဒီလိုအကြောင်းရင်းတွေ လုံလောက်လို့လည်း သံအမတ်ကြီးမိသားစုတို့က ဌာနေအကြောင်း ပြန်ပြောကြဖို့ ၊ ဒုတိယအကြိမ် အိမ်သို့ ဆွမ်းစားပင့်ခြင်းဖြစ်သည် ။ သံအမတ်ကြီးတို့၏

ဆွမ်းသည် မေတ္တာဆွမ်းဖြစ်သည့်အတိုင်း တစ်ပြည်တစ်ရွာမှာ မိတ်ဆွေများက ဒီလို နှုတ်ဆက်တော့ ဝမ်းသာသည် ။ အားရှိသည် ။ ပျော်သည် ။ မေတ္တာဆိုတာ ရေလို အေးသည် ။ ပန်းလိုမွှေးသည် ။ မေတ္တာဆိုတာ ဘယ်တော့မှမပျက်ကောင်း ၊ မေတ္တာ ပျက်လျှင် ဂရုဏာပျက်သည် ။ ဂရုဏာပျက်လျှင် မုဒိတာပျက်သည် ။ ဥပေက္ခာမှာ ပြောစရာမရှိ အားလုံးပျက်တော့ ပြဟ္မစိုရ်တရား လုံးဝမရှိတော့ပါ ။ ဒါ့ကြောင့် မေတ္တာ သုတ်ကို ဘုရားဟောခြင်းဖြစ်ပါသည် ။ သံအမတ်ကြီးနှင့် သံအမတ်ကြီးကတော် ဒေါ်စံယုံတို့၏ မေတ္တာကို ဆရာတော် အပြည့်အဝခံယူပြီး အိမ်ကြွခဲ့သည် ။

## "စောင်ခြုံ၍မလုံ မေတ္တာခြုံမှလုံ"

၁ ။ မေတ္တာဆိုတာ ကြိုင်ကြိုင်မွှေးတဲ့ အခိုင်ကလေးနဲ့ပန်းတွေလို

၂ ။ သူ့သူငါငါမှန်သမျှတို့ ပန်ကြ ပို့ကြ မေတ္တာလို

၃ ။ မေတ္တာရေစင် ပက်ခါဖြန်းတော့ ဝမ်းသာနှစ်သက်ကြည်နူးစို

၄ ။ ဂွမ်းစောင် ၊ ဂွမ်းဖုံ ၊ ခြုံကာလွှမ်းလဲ တုန်ခါချမ်းလို့ အေးသကို

၅ ။ မေတ္တာခြုံမှ အကုန်ပ လုံရန်အမှန်ကို ။

၆ ။ မေတ္တာအကျိုး ဆယ့်တစ်မျိုး ဖြိုးဖြိုးဝေလို့စို

## "ဒုတိယအကြိမ် ဆွမ်းကပ်"

သံအမတ်ကြီး ဦးဝင်းအောင် ၊ ဒေါ်စံယုံအိမ်သို့ မိမိအပါအဝင် ကျောက်ပန်း တောင်းဆရာတော် ဦးကုမာရ ၊ ထိုင်းဆရာတော်နှင့် ဘုရားကြီးတိုက် ပင်းတယဆရာ တော်တို့ ဝံပလီကျောင်းဘုန်းကြီး ဦးသောဘိတ ပါ (၅) ပါး ကြွ၍ ဆွမ်းဘုန်းပေးကြ ပါသည် ။ (၁၀) နာရီလောက် အလ္လာပသလ္လာပပြောပြီး ပရိတ်တရားဟော ရေစက်ချ အမျှဝေသည် ။ ဟောသောတရားမှာ အိုအောင်ကောင်းသော တရား (၄) ပါးဖြစ်သည်။

**၁ ။ အိုအောင်ကောင်းတာ ဘာတဲ့လဲ ၊ သီလတရားပဲ ။**

**၂ ။ ရှိတိုင်းကောင်းတာ ဘာတဲ့လဲ ၊ သဒ္ဓါတရားပဲ ။**

**၃ ။ လူတို့ရတနာ ဘာတဲ့လဲ ၊ ပညာတရားပဲ ။**

**၄ ။ မခိုးနိုင်တာ ဘာတဲ့လဲ ၊ ကုသိုလ်တရားပဲ ။**

တရားဟော ၊ တရားနာပြီး ဆွမ်းကပ်သည် ။ ဝက်သားဟင်း ၊ ကြက်သားဟင်း ငါးပိတစ်ချက် ၊ ပဲနှပ် ၊ တို့စရာအစုံ စသည်တို့ဖြစ်သည် ။ ဆွမ်းကပ်ပုံ ဓာတ်ပုံရိုက်သည် ။ ဆွမ်းကပ်ပြီးတော့လည်း သံအမတ်ကြီး မိသားစုနှင့်အတူ ဓာတ်ပုံရိုက်ကြသည်။ လိုလေသေးမရှိပါ ။ သံအမတ်ကြီးကတော်နှင့် တူမလေး မရင်မေ သမီးလေးအပြင် ဒေါက်တာအောင်သိန်း ၊ ဒေါ်သန်းသန်း တို့က လိုသမျှဆွမ်းနှင့် ဆွမ်းဟင်းတို့ကိုလိုက်၍ ထည့်ပေးနေသည် ။ နိုင်ငံခြားတိုင်းပြည်ကြီးရောက်နေသော သံအမတ်ကြီးတို့မိသားစု အာဂန္တုက ဝတ်ကြေသည် ။ ဧည့်ဝတ်ကျေကြသည် ။ မိမိတို့လည်း ဆွမ်းစားလို့မိန်သည် ။ သံအမတ်ကြီး အိမ်မှာခဏနေပြီး ဒေါ်စံယုံက မြို့ပေါ်လည်ဖို့ ကားစီစဉ်ပေးသည် ။ စောင်းကိုနေဝါ ကားမောင်း၍ လိုက်ပို့ပေးသည် ။ ရုံးတက်နေသော သံအမတ်ကြီးထံဝင်၍ နှုတ်ဆက်စဉ် လမ်းပေါ်က **"ဒို့အရေး ဒို့အရေး"** အသံကြားသည် ။ သူတို့က ဒီနိုင်ငံမှာ ဒီလို တစ်လတစ်ကြိမ်အော်မှ ထမင်းစားရကြောင်း သံအမတ်ကြီးကပြောသည် ။ ထို့နောက်ဘုရင်မနန်းတော် ၊ သိမ်းမြစ်တို့ကို ရောက်သည် ။ ဘုရင်မနန်းတော်အပေါက်တွင် စစ်သားတစ်ယောက် စစ်ဝတ်တန်ဆာ အပြည့်အစုံဝတ်ကာ မြင်းစီးပြီး သူ့ရဲ့ ကောင်း တစ်ယောက် စောင့်ကြပ်နေသည်မှာ ကြည့်လို့ကောင်းသည် ။ ဘုရင်အဆက်ဆက် ရှိုးရာမပျက် ထိန်းသိမ်းစောင့်ရှောက်နေပုံ တွေ့ရသည်မှာ ကျက်သရေလည်းရှိသည် ။ ဘုရင်နှင့်နန်းတော်ကြီး ဂုဏ်လည်းတက်သည်။

ဘုရင်မနန်းတော် ၊ သိမ်းမြစ်တို့ကို လေ့လာပြီး ဝံပလီတည်းခိုကျောင်းသို့ ညနေ (၄) နာရီ ပြန်ရောက်ပါသည် ။

**(၂.၇.၁၉၉၈) (သောကြာနေ့)**

## "ဦးသောဘိတနှင့် ရှင်ဒဗ္ဗ"

အိပ်လို့ကောင်းသဖြင့် လန်ဒန် နံနက် (၅) နာရီ မြန်မာ ည (၁၁) နာရီထိုးမှ နိုးလာသည် ။ မိုးစင်စင်လင်းလို့ နေမင်း၏ရောင်ခြည်ပင် ဝင်းနေပါပြီ ။ စီးဖြန်းနေကျ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း ၊ ဓမ္မာနုဿတိ ကမ္မဋ္ဌာန်း ၊ သြမိဿမေတ္တာ ၊ ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းသည် ။ ဝံပသီဆရာတော် ဦးသောဘိတကပ်သော အရုဏ်

ဆွမ်းကို ဘုန်းပေးသည် ။ ဘုန်းကြီးဦးသောဘိတအား ကျေးဇူးတင်သည် ။ တစ်ခါတစ်ရံ (၁၆) ပါးထိ ဆွမ်း ၊ ကွမ်း တာဝန်ယူရသည် ။ ပေါလည်းပေါများပါသည် ။ ဒီ (၁၆) ပါးလောက်အထိ တစ်ပါးတည်း တာဝန်ယူ၍ ဝေယျာဝစ္စတွေ ပင်ပန်းပြီး ဖျားနေသည့်တိုင် မူမပျက် ဝေယျာဝစ္စကို ဒဗ္ဗမလ္လ ပုတ္တမထေရ်ပုံစံ ဆွမ်း ၊ ကွမ်းသာမက အိပ်ရာ ၊ နေရာတို့ကိုလည်း ထေရ်စဉ် ၊ ဝါစဉ်အလိုက် ခင်းကျင်းပေးပြီး ကုတင်ညောင်စောင်း ၊ ကုဋီ ၊ မျက်နှာသစ်သောနေရာ ၊ မီးခလုတ်နေရာတို့ကိုပါ တစ်ခုမကျန် လျှောက်ထားနေရာချပေးသည် ။ ဝေယျာဝစ္စအကျိုးကြောင့် ဦးသောဘိတအား စန္ဒပဇ္ဇောကမင်းကြီးရသည့် ယာဉ်ရတနာ (၅) မျိုးရပါစေဟု ဆုတောင်းပါသည် ။

နေ့ဆွမ်းအတွက် ဦးစိန်ထွန်းအောင် ၊ ဒေါ်လှလှ ၊ ဦးနေဝင်း ၊ ဒေါ်မြမြဝင်း ဦးခင် ၊ ဒေါ်အေးမြခင် ၊ ဒေါ်စန်းရီ ၊ ဒေါ်သန်းသန်းအေး ၊ ဒေါ်ငွေငွေမြင့် ၊ HLFSLIC ဒေါ်ခင်မျိုးသန့် မိသားစုတို့က စုပေါင်းကပ်ကြသည် ။ ကွယ်လွန်သူ နှစ်ဖက်သောမိဘများနှင့် ဦးသိန်းအေး(ပမန) အား ရည်စူး၍ ဒေါ်သန်းသန်းအေး မိသားစုက ပေါင် (၁၀) ၊ ဒေါ်ခင်မျိုးသန့် မိသားစုက ပေါင် (၁၀) စီ လှူကြပါသေးသည် ။ ကျေးဇူးတင်ပါသည် ။

## "တာဝါအော့ (ဖ်) လန်ဒန်ပြတိုက်"

နေ့ဆွမ်းစားပြီး ဘာမင်ဂံဆရာတော်ကြီး ဒေါက်တာရေဝတအား ကားကြီးတစ်စီးနှင့် တာဝါအော့(ဖ်) လန်ဒန် (ခေါ်) ပြတိုက်ကို အမေရိကန်နေ ဆရာဝန် ဒေါက်တာတင်ထွန်း ၊ မိခင်ကြီးနှင့်အတူ လိုက်ပို့ပါသည် ။ ကား (၂) နာရီ စီးရပါသည် ။ ပြတိုက်ကြီး၌ ဘုရင်မ မွေးဖွားစဉ်က ထမင်းစားသော ရွှေဖြင့်ပြီးသောပန်းကန်ဇွန်း ၊ ခက်ရင်း စသည်နှင့် စိန် ၊ ကျောက် ၊ မြ ၊ သန္တာ ရတနာမျိုးစုံတို့ စီခြယ်ထားသော သရဖူ အမျိုးမျိုးကိုလည်းကောင်း ၊ အဖိုးတန် စိန်တုံး ၊ မြတုံး ၊ ပတ္တမြားတုံး စသည်တို့ကို လည်းကောင်း ၊ မင်းအဆက်ဆက်ဆောင်းသော သရဖူတို့ကိုလည်းကောင်း (၁၁၉၁) ခုနှစ်မှစ၍ သူ့ခုနှစ်နှင့်သူ ပြထားပါသည် ။ ပြတိုက်ကြီးမှာ မြေအောက်ပြတိုက်ကြီးဖြစ်သည် ။ ဘာမင်ဂံဆရာတော်ကြီးက ရှေ့ဆောင်သည် ။

ဒေါက်တာမာမာလွင်က အစအဆုံး မိမိအား ရှင်းပြသည် ။ ဒေါက်တာမာမာလွင် တော်ပါသည် ။ ဘုန်းကြီးတိုင်းအား လျှောက်ထားတတ်သည် ။ မွန်ရည်သည် ၊ စကားပြော နူးညံ့သိမ်မွေ့သည် ။ ပြေပြစ်သည် ။ ပြုံးပြုံးရွှင်ရွှင် စိတ်ရှည်လက်ရှည် ရှင်းပြသည် ။ ဒေါက်တာ မာမာလွင် ရှင်းပြနေသောအသွင်ကို မြင်နေပါသည် ။ အသံလေးကို ကြားနေပါသည် ။

ထို့ပြင် ထိုပြတိုက်ဝင်းကြီး မြက်ခင်းတွင် သိန်းစွန်လောက်ကြီးသော ငှက်မဲကြီး (၉) ကောင်ကို တွေ့ရသည် ။ ဒီငှက်မဲကြီးတွေကို မပျောက်အောင် စောင့်ထိန်းရသည်။ ဒိုင်ယာနာ မသေခင်က ငှက်မဲကြီး (၁) ကောင်ပျောက်သွားသည် ။ ဒါ့ကြောင့် ဒိုင်ယာနာ မင်းသမီး သေသည်ဟု ပြောကြသည် ။ ဒီပြတိုက်ကြီးထဲဝင်ရန် တစ်ဦးလျှင် ပေါင် (၉-၅ဝါး) စီပေးရသည် ။ တစ်ပေါင်လျှင် မြန်မာငွေ (၅၀၀) ဖြစ်ပါသည် ။ ဒါကို ဘာမင်ဂံဆရာတော်ကြီး ဒေါက်တာရေဝတက ခံသည် ။ စိန်တွေ ၊ မြတွေ ရတနာတွေထိန်နေအောင် ချယ်ထားသော သရဖူမျိုးစုံကိုကြည့်ပြီး ပြန်ထွက်လာသော အခါ ဒေါက်တာမာမာလွင်လေးက ဖေါင်တိန်တစ်ချောင်း (၅) ပေါင် မြန်မာငွေ (၂၅၀၀) တန် တစ်ချောင်းနှင့် ပြတိုက်သမိုင်းစာအုပ်ကြီးကို ဝယ်လှူသည် ။ ထို့ပြင် အမေရိကန်နေ ဆရာဝန် ဒေါက်တာတင်ထွန်းက တစ်ချောင်း စတာလင်ပေါင် မြန်မာငွေ (၅၀၀) စီတန် ၊ ဘောလ်ပင် (၁၀) ချောင်းဝယ်လှူသည် ။ ဆရာဝန်ကြီးအား ကျေးဇူးတင်ပါသည် ။ ဒီနေ့နံနက်ပိုင်းက နေလည်းပွင့်သည်မို့ ခေါင်းရိတ်ရေချိုးသည် ။ ခေါင်းရိတ်ပေးသူမှာ ထိုင်းနိုင်ငံ ဝမ်စီကျုံးကျောင်းနေ ဦးနန္ဒာစာရ (လန်းပန်း) (ထိုင်း) ဖြစ်သည် ။ ဘာမင်ဂံနှင့် မလေးရှားတွင် ဦးဝိလာသက ဆတ္တာသည် အဖြစ် ခေါင်းရိတ်ပေးပါသည် ။ ညနေချမ်းတွင် သံအမတ်ကြီးကတော် ဒေါ်စံယုံက ဝေလနယ်ကြွဖို့ တယ်လီဖုန်းဖြင့် လျှောက်ထားသည် ။ ဒေါ်စံယုံ တာဝန်ကျေပါသည်။ ကိုယ့်နယ်သားအား ဒီလိုကူညီသည်ကို အားလည်းရှိ ၊ ကျေးဇူးလည်းတင်ပါသည် ။

ထိုနေ့ညနေပိုင်း ဟိုက်ပတ်ပန်းခြံကိုလည်း ရောက်ခဲ့သည် ။ ထိုပန်းခြံသည် သာယာသည် ။ နေသာသော အချိန်မို့ အပန်းဖြေသူတွေပေါလှသည် ။ ဂျပန် အမျိုးသမီးတစ်ယောက်က မိမိအား နှုတ်ဆက်သည် ။ တောင်းပန်ပြီး ဓာတ်ပုံရိုက်သည် ။

**(၃.၇.၁၉၉၈) (စနေနေ့)**

နံနက် (၅) နာရီ အိပ်ရာထပြီး ပြုလုပ်နေကြ နမောတဿဖြင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း ၊ ဓမ္မာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းခါ ဩဓိဿမေတ္တာပို့ပါသည်။ အင်္ဂလန်နာရီ (၆) နာရီတွင် အရုဏ်ဆွမ်းဘုန်းပေးပြီး (၇) နာရီတွင် မိတ္တီလာသား ဒေါက်တာလှဘူးကားဖြင့် ဝေလမင်းသားကြီး ( ) နယ်ပင့်ရန်အလာကို စောင့်နေကြပါသည် ။ ကားလာသောအခါ ဂန္ဓာရုံဆရာတော်နှင့် နာယကယောဆရာ တော် ၊ မိတ္တီလာရေလယ်ကျောင်းဆရာတော် ၊ မိမိတို့ (၄) ပါးကြွကြရာ အဗကမ္ဘားနီ မြို့သို့မရောက်မီ ရေပူစမ်းမြို့သို့ရောက်ရှိပါသည် ။ ရေပူစမ်းမြို့တွင် ကျောင်းသားတွေ ချည်း ဆောက်ထားသော တိုက်တွေတာတွေ ချည်းတွေ့ရသည် ။ အထူးတလည်အား ဖြင့် ခရစ်စယာန်တို့၏ အစည်းအဝေးခန်းမတိုက်ကြီးကိုလည်း ကျောက်သားတွေချည်း ဆောက်ထားပုံမှာ မျက်နှာကျက်ပန်းတွေပါ ခဲယဉ်းစွာ ပြုလုပ်ထားပါသည် ။ ထိုတိုက် ကြီးအတွင်းနံရံတွင် သေလေသူတို့၏ အထုပ္ပတ္တိအကျဉ်းကို ရေးထားသည့် ကျောက် ပြားတွေ ကပ်ထားသည်ကို တွေ့ရသည် ။

## "ထိုမြို့ဖြစ်ပေါ်လာပုံ"

ဘုရင်တစ်ပါး၏ သားတစ်ယောက်သည် နူနာစွဲသဖြင့် အနှင်ခံရသောအခါ ထိုတောထဲသို့ သွား၍နေရာမှ အနာစွဲသောဝက်တွေ ရေပူစမ်းချိုး၍ ရောဂါပျောက် သည်ကိုကြည့်ပြီး သူလည်း ထိုရေပူစမ်းချိုးရာ ပျောက်ကင်းသည် ။ ဖခင်ထံ ရောဂါ ပျောက်ကြောင်း ပြန်ပြောရာ ဖခင်က နန်းအပ်သည် ။ ဘုရင်ဖြစ်သွားသောအခါ ရေပူစမ်းထွက်သော နေရာကို မြို့တည်ထားသဖြင့် ဤမျှစည်ကားကြောင်း ဒေါက်တာ လှဘူးက ရှင်းပြသည် ။ ဒေါက်တာလှဘူးမှာ မိတ္တီလာဇာတိဖြစ်၍ ရေလယ်ဆရာတော် ကြီး ဦးလာဘဝတ၏ တကာပါ ။ ထိုမှတဆင့် ထွက်လာခဲ့ရာ ဒေါက်တာလှဘူး ၊ ဒေါ်ညွှန့်ညွှန့်ရွှေအိမ်သို့ နံနက် (၁၁) နာရီရောက်ပြီး ဆွမ်းစားကြပါသည် ။

ဆွမ်းမှာ ဝက်သားဟင်း ၊ ကင်ပွန်းခြဉ်သီးဟင်း ၊ အစိမ်းကျော် ၊ အရိုးမပါ အောင် ချက်ထားသောငါးဟင်း ၊ ငါးပိကျော် ၊ အချဉ်ဟင်းတို့နှင့်ကပ်ပြီး ခဲဘွယ်, ဘောဇဉ်ပွဲတွင် ကော်ကိတ်မုန့် ၊ ချောကလက်မျိုးစုံ ၊ သရက်သီး (၂) မျိုး စသည်တို့

ကပ်သည် ။ စားလို့ကောင်းသည် ။ ဒေါက်တာလှဘူး ၊ ဒေါ်ညွန့်ညွန့်ရွှေ တို့က ကိုယ်တိုင်ဟင်းတွေ ၊ ဆွမ်းတွေလိုက်ထည့်ပေးသည် ။ ဝမ်းသာမဆုံး ပီတိဖုံးပြီး ပြုံးပြုံး ရွှင်ရွှင် ဘုန်းပေးကြသည် ။ ဆွမ်းစားပြီး နေ့ (၁) နာရီတွင် ဒေါက်တာလှဘူး ကိုယ်တိုင် ကားမောင်းပြီး ဇနီးဒေါ်ညွန့်ညွန့်ရွှေ နောက်ပိုင်းပစ္စည်းထည့်သော အခန်းမှလိုက်ကာ ကင်ဒန်ရွာ အဘီကျော်ဆောင်ကျောင်းကြီးသို့ သွားကြပါသည် ။ ကျောင်းကြီးမှာ ရောမကျောင်းကြီးဖြစ်သည် ။ ခရစ်စယာန်ဘုန်းကြီးကျောင်းဖြစ်သည် ။ ပတ်ပတ်လည် တောင်ကြီးတွေ ခြံရံထားသည် ။ ပတ်ပတ်လည် မြစ်ငယ်တစ်ခုလည်း ခြံရံသည်။ ထိုကျောင်းကြီးကို ခရစ်သက္ကရာဇ် (၁၁၀၆) ခုနှစ်ကဆောက်ကြောင်း သိရသည်။ (၁၁၄၀) ခုနှစ်တွင် အင်္ဂမြောက် ဟင်နရီဘုရင်က ဘုန်းကြီးတွေကိုသတ်ပြီး ကျောင်းကြီးကို ဖျက်စီးပစ်ကြောင်း သိရသည် ။

## "တောရရှေးကျောင်းကြီးပမာ"

ကျောင်းကြီးအတွင်း၌ ဆေးရုံ ၊ ဘုရားရှိခိုးခန်း ၊ သံဃာစည်းဝေးခန်း ၊ ဆွမ်းစားဆောင် ၊ စာသင်ဆောင် ၊ မီးဖိုဆောင် ၊ ရှင်သာမဏေဆောင် ၊ မထေရ်ကြီး နေသောအဆောင် စသည်တို့ကို မှတ်တမ်းဖြင့် သိရသည် ။ ထိုဘုန်းကြီးမှာ တောရ ဆောက်တည်သော ဘုန်းကြီးဖြစ်သည် ။ နေရာမှာ တောရဆောက်တည်၍ကောင်းသော နေရာဖြစ်သည် ။ တောင်တွေဝန်းရံပြီး မြစ်တစ်ခုက ပတ်ထားသည် ။ ထိုမှ ပြန်လာပြီး လမ်းတွင် မြူစယံပြတိုက်ကြီးတစ်ခု ဝင်ပါသေးသည် ။ ထိုပြတိုက်၌ လယ်သမားအသုံးအဆောင် စပါးကြိတ်စက် ၊ အိုးခွက်ပန်းကန် ၊ မီးဖို စသည်တို့အပြင် ပေါင်မုန့်ဖုတ်ပုံကို လက်တွေ့ပြပြီး ဝယ်စားကြပါသည် ။ ထိုမှပြန်လာသောအခါ ကာတစ်မြို့၌ ပင်လုံဒေါ်ကြည်ကြည်၏သမီး မကြည်ကြည်စိန်တို့ မိသားစုအိမ်တွင်လည်း ကောင်း ၊ ကာတစ်မြို့ကျောင်းဆရာမ ဒေါ်အေးအေးသိန်းတို့၏ အိမ်တွင်လည်း ကောင်း ပရိတ်ရွတ်ကြပါသည် ။ ထို့မှ ဒေါက်တာလှဘူး ၊ ဒေါ်ညွန့်ညွန့်ရွှေတို့နေအိမ် အင်္ဂလန် ည (၈) နာရီ ပြန်ရောက်ပါသည် ။ ညဆိုသော်လည်း နေမဝင်သေးပါ ။ အင်္ဂလန် (၁၀) နာရီမှ နေဝင်ပါသည် ။ စကားစမြည်ပြောပြီး ဗုဒ္ဓါနုဿတိ ၊ မေတ္တာနုဿတိ ကမ္မဋ္ဌာန်း ၊ မေတ္တာများစီးဖြန်းကာ အိပ်စက်ကြပါသည် ။

## "ဒေါက်တာလှဘူး ဒေါ်ညွန့်ညွန့်ရွှေ ဆွမ်း"

**(၄.၇.၁၉၉၈) (တနင်္ဂနွေနေ့)**

အင်္ဂလန်နံနက် (၄) နာရီ အိပ်ရာမှထပြီး စီးဖြန်းနေကျ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ ကမ္မဋ္ဌာန်း၊ ဩဓိသမေတ္တာ ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းပြီး ကိုလှဘူး၊ မညွန့်ညွန့်ရွှေတို့ အန္တရာယ်ကင်းရန်၊ တိုးတက်ရန် ပရိတ်ရွတ်ပါသည်။ ရေလယ်ကျောင်းဆရာတော်ကြီးက ရတနာ့သုတ်ရွတ်ရန် မိန့်သဖြင့် အထူးရွတ်ပါသည်။ နံနက် (၅း၃၀) နာရီတွင် ကောက်ဦးဆွမ်း၊ မုန့်ဟင်းခါး ဆွမ်းကပ်ပါသည်။ ခဲဘွယ်မှာ အင်္ဂလန်ဖြစ် ကိတ်မုန့်မျိုးစုံ၊ ချောကလက်မျိုးစုံ၊ သရက်သီး၊ သစ်တော်သီး၊ ပန်းသီး စသည် သစ်သီးမျိုးစုံ၊ စပျစ်သီးယို စသည် ယိုမျိုးစုံ၊ ဆတ်သားခြောက်၊ ကော်ဖီ၊ လက်ဖက်ရည် စသည်ဆက်ကပ်ရာ မကုန်နိုင်အောင် ပေါများပါသည်။ ဒေါက်တာလှဘူးနှင့် ဒေါ်ညွန့်ညွန့်ရွှေတို့မှာ မိတ္ထီလာဇာတိ၊ ရေလယ်ဆရာတော်ကြီး၏ တပည့်ဖြစ်သည်။

အင်္ဂလန်နံနက် (၉) နာရီမှစ၍ အဗကမ္ဘာနီမြို့ပေါ် တောင်ထိပ်ရဲတိုက်ကြီးသို့ သွားရာ မောနေ၍ အဝေးကကြည့်ပြီး ပြန်လာခဲ့သည်။ မြို့ပေါ်ရဲတိုက်ကြီး၊ ဆေးရုံကြီး စိတ္တဇဆေးရုံ၊ အထက်တန်းကျောင်း စသည်တို့ကို ဒေါက်တာလှဘူးက လိုက်လံပြသပါသည်။ နံနက် (၁၀း၃၀) နာရီတွင် အိမ်ပြန်ရောက် ဆွမ်းဘုန်းပေးရာ ဝက်သား ကြက်သား၊ ငပိကြော်၊ ကင်းပုံသီးကြော်၊ လန်ဒန်ငါးဆုတ်ဟင်း၊ ငါးပိရည်တို့စရာအစုံ စသည်ဖြင့် ဆက်ကပ်ပါသည်။ လက်ဖက်ရည်ပွဲတွင် ကော်ဖီနှင့် ကိတ်မုန့်မျိုးစုံ အီတလီမုန့်၊ ရေခဲသုံးထပ်မုန့်၊ ချောကလက်၊ သရက်သီး စသည်ဖြင့် အစုံကပ်ပါသည်။ ပင်လုံဒေါ်ကြည်ကြည်၏သမီး ဒေါ်ကြည်ကြည်စိန် သားအမိလည်း လာရောက်၍ဆွမ်းကပ်ပါသည်။ ယမန်နေ့က ပရိတ်ရွတ်ခဲ့သော အိမ်မှ ဒေါ်ကြည်ကြည်စိန်ဖြစ်ပါသည်။ သူမ လာရသည်မှာ မနီးပါ။ မိုင် (၂၀) ခန့် ဝေး ပါသည်။ ကြည်ညိုတဲ့သဒ္ဓါ၊ အေးမြတဲ့မေတ္တာကြောင့် လာရောက်သော အလှူအစ်မ သားအမိအား ကျေးဇူးတင်ပါသည်။ ဆွမ်း (၃) ထပ်ကပ်သော ဒေါက်တာလှဘူး ဒေါ်ညွန့်ညွန့်ရွှေ မိသားစုရဲ့ မျက်နှာကိုကြည့်ရသဖြင့် စေတနာ အစ အလယ် အဆုံး ကောင်းနေတာကို သိရပါသည်။

ဆွမ်းစားပြီး အိမ်ပေါ်မတက်မီ ဒေါ်ကြည်ကြည်စိန်၏ သမီးလေးဖြေဖျော်သော စန္ဒယားသံနှင့် ဒေါက်တာလှဘူး၊ ဒေါ်ညွန့်ညွန့်ရွှေ တို့၏သားလေး ဖြေဖျော်တီးပြသော စန္ဒယားသံကို နားသောတဆင်ပြီး လက်ခုပ်တီးဩဘာပေးခဲ့သေးသည် ။

နေ့ (၂း၃၀) နာရီတွင် အဗကမ္ဘာနီမြို့ ဒေါက်တာလှဘူး၊ ဒေါ်ညွန့်ညွန့်ရွှေ အိမ်မှ ဒေါက်တာလှဘူး တစ်လှည့်၊ ဒေါ်ညွန့်ညွန့်ရွှေတစ်လှည့် ကားမောင်းပို့ရာ လန်ဒန်မြို့ တည်းခိုသည့် ဝံပသီကျောင်းသို့ ရောက်ပါသည် ။ အချိန်မှာ ညနေ (၅) နာရီတိတိရောက်ပါသည် ။ ခဏနားပြီး သံအမတ်ကြီးအိမ်နှင့် ဒေါက်တာခင်မောင်ထွန်းအိမ် ဖုန်းဆက်သည် ။ မကြာမီ ဒေါက်တာခင်မောင်ထွန်းနှင့် ဒေါ်သန်းသန်းချိုတို့ လာရောက်နှုတ်ဆက်ကြသည် ။ ည (၁၀) နာရီ သံအမတ်ကြီးကတော် ဒေါ်စံယုံနှင့် ဖုန်းဆက်စကားပြောသည် ။ ညေ့သည်တွေ ထမင်းချက်ကျွေးနေရကြောင်း နံနက်မှ လာခဲ့မည့်အကြောင်း လျှောက်ထားသည် ။ ည (၁၁) နာရီ ဒေါက်တာ ဒေါ်မော်လီစိုး သားအမိက သော့ချိတ် (၂) ခု၊ အမှတ်တရ ခဲတံကြီးတစ်ချောင်း လက်ဆောင်လာပေးသည် ။ ခဲတံကြီးမှာ အရှည်တစ်တောင်ခန့်၊ လုံးပတ်ကွမ်းသီးလုံးခန့်ရှိပြီး လန်ဒန်မြို့ရှိ ပြတိုက်အမျိုးမျိုး၏ ရုပ်ပုံတို့ကို ပန်းချီဆေးဖြင့် ချယ်ထားသည် ။ ယမန်နေ့ကလည်း ကားဖြင့် အနှံ့ပို့သည် ။ ယခုလည်း အမှတ်တရ လက်ဆောင်လာပေးသည် ။ ထို့အတူ မယ်တော်ကြီး ဒေါ်အမာကြည် ရဟန်းခံထားသည့် (၁၀) ဝါရ ဦးဥတ္တရကလည်း မိမိအား အမှတ်တရ နာရီတစ်လုံး၊ ဦးပညာသာရအား ဖောင်တိန်တစ်ချောင်း၊ မယ်တော်ကြီး ဒေါ်အမာကြည်အား ပုဝါတစ်ထည် လက်ဆောင်လာပေးသည် ။ ဘုန်းကြီးဦးသောဘိတက အလှူရှင်တို့ လှူထားသည့် ဆေးမျိုးစုံ ပါဝင်သော လှူရန်တွေ လာပေးသည် ။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစသည် စီးဖြန်းပြီး အိပ်စက်သည် ။

**(၆.၇.၁၉၉၈) (တနင်္လာနေ့)**

ထိုနေ့က မြန်မာနိုင်ငံသို့ပြန်ရန် ဟီးသရိုးလေဆိပ်သို့သွားကြသည် ။ အိန္ဒိယမှ ဆရာတော် ဦးဝဏ္ဏဓဇ အပါအဝင် ဆရာတော်တို့ လိုက်ပို့ကြသည် ။

နံနက် (၄း၃၀) နာရီ အိပ်ရာထပြီး ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းပြီး နံနက်ဆွမ်း

ဘုန်းပေးသည် ။ သံအမတ်ကြီးအား လေယာဉ်ကွင်းကြွရန် ကားတောင်းရာ ၎င်းစီးသောကားကို လွှတ်ပေးသည် ။ လေဆိပ်တွင် ဒေါက်တာဝင်းလွင် မိသားစုက မုန့်ဆွမ်းကပ်သည် ။ ဒေါက်တာဝင်းလွင်နှင့်အတူ ဦးစိန်လှအောင် စသည်တို့အပြင် မိဂဒါဝုန်ဆရာတော် ဦးဝဏ္ဏ ၊ လန်ဒန်ဦးဥတ္တရ ၊ ဘာမင်ဂံဆရာတော်ကြီးတို့ လိုက်ပို့ကြပါသည် ။ ကျေးဇူးတင်ပါသည် ။ နေ့ (၁၂း၃၀) နာရီတွင် မလေးရှားလေကြောင်းဖြင့် လန်ဒန်မှ လေယာဉ်ထွက်ပါသည် ။ အင်္ဂလန် ည (၁) နာရီထွက် ၊ မလေးရှားသို့ အချိန် နံနက် (၉) နာရီခန့် မလေးရှားရောက်သည် ။

**(၇.၇.၁၉၉၈) (အင်္ဂါနေ့)**

မလေးရှားလေဆိပ်အသစ်ကြီးကို (၁. ၇. ၁၉၉၈) နေ့က ဖွင့်လှစ်သည်ဟု ပြောသည်။ လေယာဉ်အဆင်းအတက် အသားမကျသေးပါ ။ မိမိတို့ အင်္ဂလန်လန်ဒန်မှစီးလာသော နှစ်ထပ်လေယာဉ်ကြီးမှာ မြေပြင်ပြေးလမ်း၌ ထုံးစံအတိုင်းပြေးပြီး ရပ်ပြီးသော်လည်း ခရီးသည်တွေ ချက်ချင်းဆင်းမရသေးပါ ။ အကြောင်းမေးသောအခါ ဆက်သွယ်ရေး စသည်တွေ အသားမကျသေးလို့ဟု ပြောပါသည် ။

လေယာဉ်မှဆင်းပြီး လေဆိပ်အသစ်ကြီးသို့သွားရန် ကားရထားကြီးတစ်စီး ရောက်လာပါသည် ။ ၎င်းကားရထားဖြင့် လေဆိပ်အသစ်ကြီးသို့ စီးနင်းလိုက်ပါသွားရသည် ။ မြန်မာပြည်သွားမည့်လေယာဉ် (၈) နာရီထွက်မည် ၊ ထွက်မည်ဆိုသဖြင့် လေဆိပ်အသစ်ကြီးမှာ စောင့်နေကြသည် ။ မလေးရှားမှ (၁၀) နာရီမှ ထွက်နိုင်သည်။ (၁၀) နာရီ မြန်မာပြည်သို့ စတင်ထွက်ခွာပါသည် ။ မြန်မာပြည်သို့ (၁၂) နာရီမထိုးမီ ရောက်ပါသည် ။ ပျဉ်းမနားမြို့ မိမိကျောင်းတိုက်မှ ဦးပညာသာမိ ၊ ဗားကရာတိုက် ရန်ကုန်ကျောင်းမှ ဦးဝိစိတ္တ ၊ မင်္ဂလာဒုံမှ ဦးစိုး ၊ ဒေါ်မြင့် ၊ သိမ်ကြီးဈေးမှ ဦးမြတ်စိုး ဒေါ်ထွေးတင် တို့ လာရောက်ကြိုကြပါသည် ။ (၈) မိုင် မရမ်းကုန်းမှ ကျောင်းအမကြီး ဒေါ်လှဲ့လှဲ့ဝင်းလည်း လာကြိုကြောင်း ကလေးတွေ ကျောင်းဆင်းချိန်မို့ ခေတ္တပြန်သွားကြောင်း ပြောသည် ။ လေယာဉ်မှ ဆင်းပြီး ပစ္စည်းများရွေးရန်သွားသောအခါ မိမိ၏ သေတ္တာ (၁) လုံး ၊ အိတ်ကြီး (၁) လုံးပါမလာသလို ၊ သီတဂူဆရာတော်၏ ကတ်သေတ္တာကြီး (၁) လုံးနှင့် ဂန္ဓာရုံဆရာတော် ၊ ရွှေပေါက်စိန်ဆရာတော် ၊ မိုးကုတ်

ဆရာတော် စသည်တို့၏ ပစ္စည်းများလည်း ပါမလာကြောင်းသိရသဖြင့် မေးရာ မလေးရှား လေယာဉ်အပြောင်းမှာ ကျန်ခဲ့ကြောင်း ပြောပါသည် ။ (၂) ရက်ကြာသောအခါ ထိုပစ္စည်းများ ရောက်လာပါသည် ။

## (၁၀) နိုင်ငံခရီး နောက်ဆက်တွဲ

ဤသိမ်သမုတ်သွားသောမှတ်တမ်းမှာ နိုင်ငံခြားသွား ဒုတိယခရီးသွား မှတ်တမ်းပါ ။ (၁၉၉၅) ခုနှစ်က (၁၀) နိုင်ငံ ခရီးဆန့်ခဲ့ပါသေးသည် ။ မှတ်တမ်းလည်း ရိုက်နှိပ် ဝေငှဘူးပါသည် ။ ထိုမှတ်တမ်းတွင် ကျန်နေသော အကြောင်းအရာလေး တစ်ခုကို မှတ်တမ်းတင်ချင်ပါသေးသည် ။

ထိုပထမအကြိမ် (၁၀) နိုင်ငံခရီးသွားတော့ ပခုက္ကူဆရာတော်ကြီးနှင့် ပဏ္ဍာသမဏ ဦးစန္ဒအပြင် အင်းလေးဆရာတော်နှင့် စာရေးဆရာ ချစ်စံဝင်းတို့ ပါကြပါသည် ။ အိန္ဒိယ ၊ သီရိလင်္ကာ ၊ နီပေါ ၊ ထိုင်း စသော နိုင်ငံများစွာသွားသောခရီးမှာ ချောမောပါသည် ။ ထိုခရီးတွင် စာရေးဆရာချစ်စံဝင်းက ကပ္ပိယတကာကြီးအဖြစ် လိုက်ပါပြီး စကားပြန်ပြုလုပ်ခဲ့လို့ ဖြစ်ပါသည် ။ စင်္ကာပူမှ မလေးရှားနိုင်ငံသွားသော ခရီးမှာ ချောသလိုလိုနှင့် မချောပါ ။ တကာကြီးချစ်စံဝင်းမှာ အကြောင်းတစ်ခုကြောင့် ဆရာတော် မလေးရှားကြွရာ၌ မလိုက်နိုင်တော့ပါ ။ မလေးရှား ပြည်ဝင်ခွင့်ဗီဇာမှာလည်း မိမိတစ်ပါးတည်းသာရပါသည် ။ ပခုက္ကူဆရာတော်ကြီး အပါအဝင် သံဃာတော် (၇) ပါးတို့ ဗီဇာမရကြပါ ။ မိမိတစ်ပါးတည်း ဗီဇာရတာမို့ ထိုခရီးစဉ်ကို တစ်ပါးတည်းပင် မလေးရှားသွားရပါသည် ။

(၁၀) နိုင်ငံသို့ (၁၉၉၅) ခုနှစ်သွားစဉ်က ရက် ၊ လ ၊ နှစ်ကိုလဲ မမေ့သေးပါ။ (၁၇. ၅. ၁၉၉၅) ဗုဒ္ဓဟူးနေ့ ဖြစ်ပါသည် ။ (၁၃၅၂) ခု ၊ ကဆုန်လပြည့်ကျော် (၄) ရက်နေ့ပါ ။ ထိုနေ့နံနက် (၆) နာရီတွင် နို့ဆွမ်း ၊ ပေါင်မုန့် ၊ သစ်သီးမျိုးစုံတို့ဖြင့် ဆွမ်းစားပြီး မလေးရှားနိုင်ငံ ၊ ပီနံမြို့သို့ကြွရန် စင်္ကာပူနိုင်ငံ ဘူတာရုံသို့ဆင်းသည်။ ဆရာတော် ဦးတိလောက လိုက်ပို့သည် ။ စကြိန်လက်မှတ်ဝယ်ရသည် ။ ပို့သူမှာ တစ်ယောက်တည်းသာ ဖြစ်ရသည် ။ ဘူတာရုံ၌ ဖြည့်စရာရှိတာ ကိုယ်တိုင်ဖြည့်ရသည် ပတ်စ်ပို့နှင့်အတူ ထိုစာရွက်ကိုကိုင်ပြီး ဘူတာကောင်တာသို့ဝင်သည် ။ အမျိုးသမီး

တရုတ်မလေးတစ်ယောက်က ကြည့်ရှုစစ်ဆေးပြီး တံဆိပ်ရိုက်ပေးသည် ။ ထို့အတူ ဒုတိယကောင်တာသို့ဝင်ပြီး ပတ်စ်ပို့ကိုပြရသည် ။ အမျိုးသမီးတစ်ယောက်က တံဆိပ်ရိုက်သည် ။ စာရွက်တရွက် ဖြတ်ယူထားသည် ။

## "တွဲ နံပါတ် ဝမ်း (၁) မတွေ့"

မီးရထားလက်မှတ်ခကို စင်္ကာပူမှ ဦးတိလောက၏ ဆွမ်းတကာမတစ်ဦးက တာဝန်ယူလှူဒါန်းသည် ။ မလေးရှားနှင့် စင်္ကာပူလက်မှတ်ခ ဒေါ်လာ (၁၅၀) ကျသည် ထိုလက်မှတ်ကို ကိုင်ပြီးစီးမည့်ရထားတွဲနံပါတ်ဝမ်း (၁) ရှိမည်ထင်သည့် ခေါင်းတွဲဆီသို့ သွားသည် ။ ဦးတိလောက ပြန်သွားပြီမို့ ဆွမ်းချိုင့်နှင့် လက်ဆောင်ပန်းပင်ကြီးဆွဲကာ သွားရသည် ။ ခေါင်းတွဲနားရောက်တော့ တွဲ နံပါတ်ဝမ်း (၁) မတွေ့ပါ ။ (၂) တွဲ (၃) တွဲ ရှာသေးသည် ။ စီးရမည့်တွဲ မတွေ့တော့ သိမ်ငယ်သွားသည် ။ ကုလားကြီးတစ်ယောက်ကိုမေးသည် ။ ကုလားကြီးက (လက်တင်ဘာသာ) လက်ဟန်ခြေဟန်နှင့် ရထားအမြီးပိုင်းကို ထိုးပြသည် ။ မိမိက ရထားနောက်မြီးပိုင်းသို့ ခပ်သုတ်သုတ်သွားသည် ။ စိတ်ထဲမှာလည်း အတွေးဝင်လာသည် ။ ဩော် တို့အနားက မူစလင်ကုလားတွေ ခါးလှီးတဲ့အခါ နောက်ပြန်လှီးသည် ။ တို့က အရှေ့ခေါင်းပြုသည် ။ သူတို့က အနောက်ခေါင်းပြုသည်ဟု ဒီအတွေးဝင်လာသည် ။

## "ထိုင်ခုံ ဖိုး (၄) မတွေ့"

တွဲနံပါတ် ဝမ်း (၁) တွေ့ပြီး ရထားပေါ်တက်သည် ။ ရထားပေါ်တွင် ကတ္တီပါကောဇောကြီးခင်းထားသည် ။ ဖိနပ်ချွတ်ရလေမလားဟု ဇဝေဇဝါဖြစ်ရသည် ။ နောက်တော့ ဟိုကြည့်ဒီကြည့် ကြည့်ပြီး သူတို့နိုင်ငံသားတွေလို ဖိနပ်မချွတ်ဘဲ ရထားပေါ်လျှောက်ကာ ခုံနံပါတ် ဖိုး (၄) ကိုရှာသည် ။ မတွေ့ပါ ။ စီးမည့်ရထားတွဲဆုံးသွားသည်။ ဖိုး (၄) မတွေ့ပါ ။ စိတ်ထဲမှာ သိမ်ငယ်သွားပြန်ပါသည် ။ နောက်ဆုံးဂတ်ဗိုလ်သွားမေးသည်။ ဂတ်ဗိုလ်လိုက်လာသည် ။ ဖိုး (၄) ကို လက်ညှိုးထိုးပြသည် ။ နံနက် (၇း၃၀) နာရီတွင် စင်္ကာပူဘူတာမှ ရထားစတင်ထွက်ပါသည် ။ ရထားပေါ်မှာ စမတ်ကျကျ စီးနင်းလိုက်ပါသည် ။ ပျော်လဲပျော်သည် ။ ငါတစ်ဦးသာ မလေးရှားနိုင်ငံသွားရန် ဗီဇာရသည်ဟု မော်လည်း မော်သည် ။ မဟာကပ္ပိနမင်းကြီး၏ ခရီးသွားဂါထာကို ရွတ်သည် ။

## "မဟာကပ္ပိန ခရီးသွားဂါထာ"

ရထစက္ကံ ရထံနေတိ
ရတံပူရံ ရညာသဟ
ဇတေန သစ္စဝဇ္ဇေန
ဂမနံ မေ သမိဇ္ဈတု ။

အနက်မြန်မာ ။ ။ ရထစက္ကံ ၊ ရထားလှည့်ဘီးစက်သည် ၊ ရညာ ၊ ရထားစီးသောမင်းကြီးနှင့် ။ သဟ ၊ အတူတကွ ၊ ရထံ ၊ ရထားကို ။ ရတံ ၊ မွေ့လျော်ဘွယ်ရာဖြစ်သောပုရံ ၊ နိဗ္ဗာန်ပြည်ကြီးသို့ ၊ နေတိ ၊ အလွယ်တကူ ၊ အန္တရာယ်မပြုဘဲ ဆောင်ယူလေ၏ ဇတေန သစ္စဝဇ္ဇေန ၊ ဤသစ္စာစကားကြောင့် မေ ၊ အကျွန်ုပ်၏ ဂမနံ ၊ ခရီးသွားခြင်းသည် သမိဇ္ဈတု ၊ ကောင်းစွာ မသွေ ချောမော ပြည့်စုံပါစေသတည်း ။

ဤခရီးသွားဂါထာကို ကျောင်းတိုက်ကြီး နှစ်(၅၀) ပြည့် ရွှေရတုသဘင်ပွဲကျင်းပစဉ် အင်းကွက်ချ၍ ဝေငှဘူးပါသည် ။

စက်ာပူနှင့်မလေးရှားသွားရထားကြီးသည် အလျင်အမြန်ခုတ်မောင်းနေရာလမ်းခရီးအကြား ဘူတာများကို တစ်ဘူတာဝင် ၊ တစ်ဘူတာထွက် ခပ်သွက်သွက်မောင်းနေသည် ။

## " (GO) ဂိုး တစ်လုံးသုံးပုံ"

နံနက် (၁၀) နာရီရောက်တော့ စက်ာပူဆရာတော်ဦးတိလောက ထည့်ပေးလိုက်သည့် ဖိုင်ဘာချိုင့်ထဲက ဆွမ်းကိုစားပြီး ခဲဘွယ်ဘောဇဉ်ဖိုင်ဘာချိုင့်ဖွင့်၍ မုန့်ခဲဘွယ် စသည်တို့ကို စားသည် ။ အတွေးတစ်ခုဝင်လာသည် ။ ထိုအတွေးက မည်သည့်ဘူတာမှာ ဆင်းရမည် ။ မည်သည်မြို့မှာ ဆင်းရမည်မသိဟု အတွေးတစ်ခုဝင်လာသည် ။ ခက်ကပြီ ၊ မိမိသည် အင်္ဂလိပ်စာလည်း မတောက်တစ်ခေါက် ဖတ်တတ်ရုံရှိ၏ ။ အင်္ဂလိပ်စကားလည်း ထမင်းစားရေသောက်လောက်သာ နိုင်ငံခြားသွားခါနီးမှာ ဆရာကြီးဦးဘသိန်းထံမှ ကပျာကယာသင်ခဲ့ ၊ လေ့ကျင့်ခဲ့၏ ။ ဒါတွေလည်း

မေ့တာမေ့ကုန်ပြီ ။ ဒီလိုအခက်ကြုံတော့ ပိုမေ့ကုန်သည် ။ စက်ာပူမှ မလေးရှားအသွားမှာ ဦးတိလောကမှာပုံကို သတိရသည် ။ သူမှာပုံမှာ ပျဉ်းမနားဆရာတော် အင်္ဂလိပ်စာမေ့နေလျှင် (GO) ဂိုး တစ်လုံးအသုံးပြုပါတဲ့ ။ ဒီစကားလေးကိုတော့ကြားနေသည်။ မိမိကြားဖူး ၊ မှတ်ဖူးသော မလေးရှားနိုင်ငံရဲ့ မြို့တော်မှာ (ကွာလာလမ်ပူ) မြို့ဖြစ်သည်။ ထိုအမည်ဖြင့် အနီးထိုင်ခုံရှိ ကုလားတစ်ယောက်ကို (ကွာလာလမ်ပူ ဂိုး GO)ဟု လက်ညှိုးထိုး၍ မိမိကမေးကြည့်ရာ သူက (နိုး) ဟုဖြေပါသည် ။ နောက်တစ်ယောက် တရုတ်ကြီး ကို (ကွာလာလမ်ပူ ဂိုး GO) ဟုမေးရာ သူကလည်း (နိုး) ဟုဖြေပါသည်။ ခက်ကပြီ အခြားမြို့ နာမည်လည်း မိမိမသိတော့ပါ ။ ကုလားနိုင်ငံ ၊ မြို့တွေနာမည် မသိတော့ပါ။ အသာဟန်ဆောင်ပြီး ဘောဇဉ်စား ၊ လက်ဖက်ရည်သောက်ပြီး ဆွမ်းချိုင့် ၊ ခဲဘွယ်ချိုင့် တွေကို ပြန်ဆင့်ထားလိုက်သည် ။

နေရာရွှေ့ ၊ ထိုင်ခုံရွှေ့ထိုင်လိုက်သည် ။ ပတ်စ်ပို့ထုတ်လိုက်သည် ။ ရထားလက်မှတ်ပါထုတ်ကြည့်သည် ။ ကုလားတစ်ယောက်ရောက်လာသည် ။ မိမိကိုင်ထားသော ရထားလက်မှတ်တောင်းသည် ။ ပေးလိုက်သည် ။ အပေါ်ဆုံးစာရွက် ဖြတ်ယူသွားသည် ။ ရထားအပေါ် အခန်းကျဉ်းလေးထဲ ဝင်သွားသည်အထိ ငေးကြည့်နေမိသည် ။ အတန်ကြာတော့ ကော်ဖီတစ်ခွက်နှင့် မုန့်တစ်ချပ်ကျွတ်ကျွတ်အိတ်ကလေးနှင့် လာပေးသည် ။ သြော် အပေါ်စာရွက်က လက်ဖက်ရည်ကော်ဖီသောက်တဲ့ စာရွက်ကိုဟု မှတ်ယူလိုက်သည် ။ ရထားလက်မှတ်မှ To ဟူသောနေရာလေးလက်ထောက်ပြီး ကုလားတစ်ယောက်ကို အဖတ်ခိုင်းသည် ။ ကုလားက (ဘတ်တဝ) ဟု ဖတ်ပြသည်။ မိမိကိုယ်ကို လက်ညှိုးထိုးပြီး (ဘတ်တဝ) ဂိုး GO ဟု သူ့ကိုမေးရာ (Yes) ဟုဖြေသည်။ မိမိ (ဘတ်တဝ) ဘူတာဆင်းရမည်ကို သိလိုက်သည် ။ ဘောလ်ပင်နှင့် ဆင်းရမည့် (ဘတ်တဝ) အမည်ကို ရေးထားလိုက်သည် ။ တရုတ်တစ်ယောက်ကို ထိုနည်းမေးရာ သူကလည်း (ဘတ်တဝ) ဟုဖတ်ပြသည် ။ ငါ (ဘတ်တဝ) ဘူတာဆင်းရမည်ဟု မှတ်ချက်ချလိုက်သည် ။

## "အဖော်မပါခရီးသွားတာ သေတာနှင့်တူလှတာ"

ဒီတစ်ခါမိမိမှာ ပို၍သိမ်ငယ်ပါသည် ။ အားငယ်ပါသည် ။ နိုင်ငံခြားတိုင်းပြည်မှာ မိမိမျက်နှာငယ်ဆို ဇီးရွက်လောက်ကလေးဖြစ်သွားသည်ဟု အောက်မေ့ပါသည်။ အင်္ဂလိပ်စာ ၊ အင်္ဂလိပ်စကားမတတ်တာ လူ (အ) ဖြစ်ရသည် ။ A,B,C လောက်သာ သိသည် ။ အကန်းနှင့်တူတော့သည် ။

တစ်ယောက်ထဲမို့ အဖော်မပါလို့ အင်္ဂလိပ်စာ ၊ အင်္ဂလိပ်စကားမတတ်လို့ ပိုပြီးသိမ်ငယ်သည် ။ မျက်နှာငယ်သည် ။ ရှေးလူကြီးအဆိုရှိသည် ။ မဖော်မပါဘဲ ခရီးသွားတာ သေတာနှင့်အတူဖြစ်သည်ဟု အဆိုရှိတာကို သတိရပါသည် ။

မောင်းနေသောရထားကြီး ရပ်သောဘူတာတိုင်းရှိ ရောက်ပြီးဘူတာနှင့် ရောက်ဆဲဘူတာ ၊ ရောက်လတ္တံ့ ဘူတာတို့ကို မိမိလက်မှတ်ရှိ အင်္ဂလိပ်စာနှင့် တိုက်ရသည်မှာလည်း အမောဖြစ်သည် ။ တစ်နေကုန်တိုက်ရ အလုပ်များသည် ။ စိတ်များရသည် ။ ဘူတာတွေဖြတ်ကျော်သည် ။ တောတွေ ၊ တောင်တွေ ၊ စက်ရုံတွေ ၊ အလုပ်ရုံတွေကို ဖြတ်ကျော်သည် ။ (ဘတ်တဝ) မတွေ့သေးပါ ။ နံနက် (၇) နာရီက စီးလာရာ ယခုည (၁၀) နာရီထိုးပါပြီ ။ ဂတ်ဗိုလ်အား (ဘတ်တဝ) ရောက်လျှင်ပြောဖို့ အကူအညီတောင်းရသေးသည် ။ (ဘတ်တဝ) သို့ ည (၁၀) နာရီရောက်သည် ။ ဘူတာအတွင်း ရထားအရှိန်သတ်မောင်းသည် ။ ရထားရပ်လိုက်သည် ။ ခေါင်းတွဲအနီး၌ ရဟန်းတစ်ပါးရပ်နေသည်ကိုမြင်ရသည် ။ ရထားတွဲမှာ အဲယားကွန်းတပ်ထားတာမို့ တံခါးတွေဖွင့်မရပါ ။ ရဟန်းကိုတော့မြင်နေရပါသည် ။ သူက (၂) တွဲ (၃) တွဲ ခေါက်တုံ့ခေါက်ပြန်ရှာနေသည်ကိုလည်း မြင်ရသည် ။ မိမိက ဂတ်တွဲနားက ဆိုတော့ ဝေးနေပါသည် ။

## "လက်ခုပ်တီးခေါ်"

မိမိက ရထားပေါ်မှဆင်းရန် ထွက်ပေါက်သို့သွားသည် ။ ဆွဲကွင်းမပါ ။ အောက်အမှတ်အသားပေါ် ရပ်လျှင် အော်တော်မစ်တစ် တံခါးပွင့်သည် ။ သို့သော် မိမိခန္ဓာကိုယ်ကပေါ့တော့ ၊ မလေးတော့ တံခါးမပွင့်ပါ ။ ကုလားတစ်ယောက်ကိုခေါ်ပြီး အရပ်ခိုင်းမှ တံခါးပွင့်သည် ။ တံခါးပွင့်တော့ ကုလားကြီးက မိမိအား အပြင်ထွက်ဖို့

တွန်းလွှတ်သည် ။ မိမိက သူ့အား မင်းက ငါ့ကိုတွန်းရသလားဟု ဗမာလိုမေးရာ ကုလားကြီးက ရယ်ပြီးကျန်ခဲ့သည် ။

ဘူတာမှာ ရထားပေါ်ကဆင်းတော့ လာကြိုသောကိုယ်တော် နောက်လှည့်ပြန်သွားနေပါပြီ ။ မိမိက လက်ခုတ်တီးခေါ်ရန် ပထမတော့ ရှက်နေသည် ။ နောက်တော့ ဒီနိုင်ငံမှာ မိမိနှင့်သိသူမရှိတာမို့ ဖွတ်မှိတ်ပြီး တစ်ဖြောင်းဖြောင်းမြည်အောင် လက်ခုတ်တီးလိုက်သည် ။ ဗမာရဟန်းနောက်လှည့်ကြည့် မိမိက လက်ယပ်ခေါ်သည်။ သူပြန်လာသည် ။ မိမိက ကိုယ်တော် ဗမာဘုန်းကြီးလားဟု မေးရာ ဗမာဘုန်းကြီးဖြစ်ကြောင်း ၊ စက်ာပူကဖုန်းဆက်ကြောင်း ၊ ပျဉ်းမနားဆရာတော်တစ်ပါးတည်း ကြွသွားကြောင်း ၊ အင်္ဂလိပ်စကားများစွာ မတတ်ကြောင်း ၊ ဆီးကြိုဖို့အကြောင်းတို့ကို လျှောက်ထားသည် ။ တွဲနံပါတ် (1) (တစ်) လို့ စက်ာပူက ဖုန်းဆက်လို့ ခေါင်းတွဲနားမှာ ပျဉ်းမနားဆရာတော်ကိုရှာကြောင်း ၊ မတွေ့လို့ ပြန်လှည့်သွားတာဖြစ်ကြောင်း လျှောက်ထားသည် ။ ဘွဲ့မေးတော့ ဦးခေမိန္ဒဟု ပြောသည် ။ မိမိက ကိုယ်တော် နိုင်ငံခြား နေတာကြာပြီပဲ ၊ ကုလားနိုင်ငံသဘောမပေါက်ဘူးလား ၊ ကုလားနိုင်ငံဆိုတာ ခါးတောင်နောက်ပြန်လှီးတာဟု မှတ်လိုက်ရသေးသည် ။ ဘူတာဝင်းကထွက်တော့ ပီနံမြို့သွားရန် သင်္ဘောနာရီဝက်စီးရပါသေးသည် ။ ပီနံမြို့ရောက်တော့ တရုတ်မလေး တစ်ယောက်ကားနှင့် စောင့်ကြိုနေသည်ကိုတွေ့ရသည် ။ တရုတ်မလေးက (ဆရာတော် ၊ ဆရာတော်) ဟု မပီ - တပီခေါ်ပြီး ကားပေါ်တက်ဖို့ တံခါးဖွင့်ပေးသည် ။ သူမကြိုသောကားဖြင့် ပီနံဆရာတော်ကြီး ဦးပညာဝံသ သတင်းသုံးသော ပီနံမြို့ မြန်မာကျောင်းသို့ ည (၁၁) နာရီမှာ ရောက်ပါသည် ။

ဤသည်ကား မှတ်တမ်းအကျဉ်းသာဖြစ်သည် ။ ဓာတ်ပုံအစုံ ဝေဝေဆာဆာ စာရေးဆရာကပ္ပိယကြီ ချစ်စံဝင်း၏အမှာစာနှင့်အတူ စာအုပ်လှလှလေး ထွက်လာမည် ။

ဘဒ္ဒန္တကဝိသာရ
၁၅.၈.၁၉၉၈

# ဘဒ္ဒန္တကဝိသာရနှင့် ဘဒ္ဒန္တမမ္မသာရ ဆရာတော်ညီနောင်နှစ်ပါး (၁၃၅၆) ခုနှစ် (၁၉၉၅) ခုနှစ် (၁၀) နိုင်ငံကြွသွားရာ စရိတ်စရိတ်လှူသူ အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည်နှင့်နေရပ် | အလှူငွေ |
|---|---|---|
| ၁ | ဦးစိန်ဝင်း (သမီး) မကျောင်သန်းဦး ၊ မင်္ဂလာရပ် ၊ ပျဉ်းမနား | ၂၀၀၀၀ |
| ၂ | ဦးခင်မောင် ၊ ဒေါ်ခင်အေး ၊ သစ်ထုတ်ရေး ၊ ပျဉ်းမနား | ၁၀၀၀၀ |
| ၃ | ဒေါ်ခင်မြင့် ၊ သံလွင်လမ်း ၊ ရန်ကုန် | ၁၀၀၀ |
| ၄ | တံခွန်တိုင်ဆရာတော် ဦးတေဇနိယ ၊ ပျဉ်းမနား | ၃၀၀၀ |
| ၅ | ဦးသုန္ဒရ ၊ စဉ့်အိုးဘိုကျောင်းဆရာတော် ၊ ပျဉ်းမနား | ၂၀၀၀ |
| ၆ | ဦးတင်ထွန်းအောင် + ဒေါ်တင်တင်ညွန့် (မန်နေဂျာကြီး) သစ်ထုတ်လုပ်ရေး ၊ ပျဉ်းမနား | ၃၀၀၀ |
| ၇ | ဆရာမ ကြည်ကြည်မြ ၊ ရွာကောက် ၊ ပျဉ်းမနား | ၁၀၀၀ |
| ၈ | ဒေါ်စိန်မြင့် (ဇာမရီ) မိသားစု ၊ တပ်ကုန်း | ၁၀၀၀ |
| ၉ | ဦးချို (ပွဲစားကြီး) ၊ တပ်ကုန်း | ၂၀၀ |
| ၁၀ | ဦးတင်ထွန်းနိုင် ၊ ဒေါ်ခင်လေးနိုင် ၊ တပ်ကုန်း | ၂၀၀ |
| ၁၁ | မောင်ကျော်စိုးနိုင် (ဒေါ်နိုင်သား) ၊ တပ်ကုန်း | ၁၀၀ |
| ၁၂ | ထက်ထက်ရန်လင်း ၊ တပ်ကုန်း | ၁၀၀ |
| ၁၃ | ဦးအုန်းမောင် ၊ တပ်ကုန်း | ၅၀ |
| ၁၄ | မွန်မိသားစု (ရွှေတိဂုံအရှေ့မုခ်) ၊ ရန်ကုန် | ၁၀၀၀ |
| ၁၅ | ဦးကျော်ပု ၊ ဒေါ်ဝင်းရီ ၊ ပေါင်းလောင်း | ၃၀၀ |
| ၁၆ | ဦးဟံတင် ၊ သာဝတ္ထိ ၊ ကြို့ပင်သာ | ၁၀၀၀ |
| ၁၇ | ဦးကံရင် ၊ ဒေါ်ညို ၊ သာဝတ္ထိ ၊ ကြို့ပင်သာ | ၁၀၀၀ |
| ၁၈ | ဦးနိုင် (သမီး) ကောင်းဘွိုင် ၊ လဲ့လဲ့ခိုင် ၊ သာဝတ္ထိ | ၁၀၀၀ |
| ၁၉ | ဦးသိန်း ၊ ဒေါ်ဖြူနု ၊ သစ်ခေါက်ခွ (သာဝတ္ထိ) | ၁၀၀၀ |
| ၂၀ | ဦးအုန်း (အလယ်ကျွန်း) ၊ သာဝတ္ထိ | ၁၀၀၀ |

| စဉ် | အလှူရှင်အမည်နှင့်နေရပ် | အလှူငွေ |
|---|---|---|
| ၂၁ | ကိုပန်းမြိုင် ၊ မမုန်း ၊ သစ်ခေါက်ခွ (သာဝတ္ထိ) | ၁၀၀၀ |
| ၂၂ | ဦးထွန်းရွှေ ၊ ဒေါ်သန်းကြည် ၊ သာဝတ္ထိ ၊ ကြို့ပင်သာ | ၁၀၀၀ |
| ၂၃ | ဦးအုန်းမြ ၊ ဒေါ်သောင်းကြည် ၊ သာဝတ္ထိ ၊ ကြို့ပင်သာ | ၅၀ |
| ၂၄ | ဒေါ်ထွေး (သမီး) ဒေါ်လှလှ (စည်ပင်သာ) ၊ ပျဉ်းမနား | ၁၀၀၀ |
| ၂၅ | ဦးပါ ၊ ဒေါ်ကြည်ဝင်း (စည်ပင်သာ) ၊ ပျဉ်းမနား | ၁၀၀၀ |
| ၂၆ | ဦးစိန်မောင် ၊ ဒေါ်တင်ကြည် ၊ အင်းသာ (သာဝတ္ထိ) | ၁၀၀၀ |
| ၂၇ | သရက်ကုန်းရွာ အများစုပေါင်းကောင်းမှု | ၇၀၀၀ |
| ၂၈ | ဦးညွန့်မောင် ၊ ဒေါ်သန်း ၊ ကြို့ပင်သာ | ၅၀ |
| ၂၉ | မဝင်းတင် ၊ ကြို့ပင်သာ | ၁၀၀ |
| ၃၀ | ကိုအောင်ကြည် ၊ ကြို့ပင်သာ | ၁၀၀ |
| ၃၁ | ဦးကျော်သန်း (သမီး) ၊ မအမာကြည် (ရှင်ငြိမ်းထမင်းဆိုင်) ပျဉ်းမနား | ၂၀၀၀ |
| ၃၂ | ဦးတင်စိန် ၊ ဒေါ်စန်း (စန်းရတနာ) ပေါင်းလောင်း၊ပျဉ်းမနား | ၂၅၀၀ |
| ၃၃ | ဦးအောင်တင့် (သမီး) မကြီး ၊ မငယ် ၊ လက်ပံတန်းရွာ | ၅၂၅ |
| ၃၄ | ဒေါ်ခင်တုတ် ၊ မကျီးတောရပ် ၊ ပျဉ်းမနား | ၁၅၀ |
| ၃၅ | ကိုမောင်မောင်သွင် ၊ မန္တမ်းန္တမ်း ၊ မကျီးတောရပ် ၊ ပျဉ်းမနား | ၂၀၀ |
| ၃၆ | ဦးကိုကို (ပြည်ထဲရေးဝန်ကြီး) ဒေါ်မိမိ ၊ ရန်ကုန် | ၁၀၀၀ |
| ၃၇ | ဦးဘိုနီ ၊ ဒေါ်သန်းနု (ပွဲရုံ) ၊ ပျဉ်းမနား | ၁၀၀၀ |
| ၃၈ | ဦးစိန်သောင်း ၊ ဒေါ်ကျည်းတန် (ပွဲစား) ၊ ရန်ကုန် | ၃၂၀၀ |
| ၃၉ | ဦးသိန်းညွန့် + ဒေါ်တင်ကြည် (နန်းသြ) ၊ တပ်ကုန်း | ၅၀၀၀ |
| ၄၀ | ဦးခင်မောင်ရွှေ + ဒေါ်ညိုညို (နေခြည်) ၊ ပျဉ်းမနား | ၅၀၀ |
| ၄၁ | ဒေါ်တင်စိန် (သမီး) မအေးဝင်း ၊ ချမ်းအေး ၊ ပျဉ်းမနား | ၁၀၀၀ |
| ၄၂ | ဦးမောင်မောင်လွင် ၊ ဒေါ်စိန်စိန် (အယ်လ်ဖာဟိုတယ်)၊ရန်ကုန် | ၁၀၀၀၀ |
| ၄၃ | ဒေါ်ကြည်ကြည်စိန် (စိန်ဘရားသား) ၊ ရန်ကုန် | ၁၀၀၀၀ |
| ၄၄ | ဒေါ်လှကြည် မိသားစု (ဒေါ်လာ ၁၀၀) ၊ (၁၇) လမ်း၊ရန်ကုန် | ၁၂၀၀၀ |
| ၄၅ | ဦးဟံသာကြီး ၊ ပေါင်းလောင်း ၊ ပျဉ်းမနား | ၁၀၀၀ |

## "မဆိုမိပေ အို. - အိုကေ"

၁၉၉၅ ခုနှစ်က (၁၀) နိုင်ငံခရီးသွားမှတ်တမ်း မမေ့နိုင်စရာတစ်ခုကို မှတ်တမ်းတင်လိုပါသေးသည် ။ ၎င်းအကြောင်းအရာကား ပရိတ်ရေဖျန်းသော အကြောင်းအရာဖြစ်ပါသည် ။ ထိုစဉ်က စင်္ကာပူနိုင်ငံသို့ မိမိတို့ (ပခုက္ကူဆရာတော်ကြီးပါ ကဆုန်လပြည့် ဗုဒ္ဓနေ့မတိုင်မီ (၇) ရက်စော၍ ရောက်နေပါသည် ။ ကဆုန်လပြည့်နီးပြီမို့ စင်္ကာပူနိုင်ငံ မြန်မာကျောင်းဆရာတော် ဦးတိလောက အရှင်မြတ်က ကဆုန်လပြည့်တိုင်အောင် ဖြေးဖြေးသတင်းသုံးဘို့လျှောက်ထားပါသည် ။ မိမိတို့ကလည်း နေချင်သေးသည်မို့ နေကြသည် ။ စင်္ကာပူနိုင်ငံ မြန်မာကျောင်း၌ နေ့စဉ် နေထွက်မှနေဝင်အထိ စင်္ကာပူရောက် မြန်မာဘုန်းကြီးလေး ဦးတိလောကနှင့် ဦးကောသလ္လ ၊ ဦးစန္ဒ တို့ (၃) ပါးသည် လာသမျှ တိုးရစ်တို့ကို ပရိတ်ရေဖျန်းပေးပြီး ပရိတ်ကြိုးလေး လက်ကောက်ဝတ်မှာ ချည်နှောင်ပေးသည် ။ ရိုးရိုးအခါ သဗ္ဗီတိယောဝိဝဇ္ဇန္တုဂါထာကိုဆိုသည် ။ တစ်ခါတစ်ရံ ကိုယ်ဝန်ဆောင်သည့် ကလေးမိခင်များရောက်လာတာ ကိုလည်းတွေ့ရသည် ။ ထိုအခါ ပရိတ်ရေဖျန်းသည် ။ ပရိတ်ကြိုးလက်ကောက်ဝတ်မှာ ချည်နှောင်ပေးသည် ။ ယတောဟံဘဂိနိစသော အင်္ဂုလိမာလသုတ်ဂါထာကို ရွတ်သည် ။

## "သိဒ္ဓိတင်ပုံ"

တစ်ခါတစ်ရံ ဘုရားရုပ်ပွားတော်အဆောင်သေးသေးလေးပင့်လာပြီး သိဒ္ဓိတင်ပေးဖို့လျှောက်ထားသည် ။ ထိုအခါ အနေကဇာတိသံသာရံ ဂါထာကိုရွတ်ပြီး လက်ကောက်ဝတ်မှာ ပရိတ်ကြိုးချည်နှောင်ပေးသည် ။ တစ်ခါတစ်ရံ စုံးပူးသလို နတ်ဝင်သလိုပုဂ္ဂိုလ်များရောက်လာသည်ကို တွေ့မြင်ရသည် ။ ထိုအခါ အာဋာနာဋိယသုတ်မှ ဂါထာများကို ရွတ်ပြီးပရိတ်ရေဖျန်း ၊ ပရိတ်ကြိုး လက်ကောက်ဝတ်မှာ ချည်ပေးသည်ကို တွေ့ရသည် ။

တစ်ခါတစ်ရံ အဖျားမပြတ်လို့ပါဘုရား ဟုလျှောက်ထားသံကိုလည်း ကြားရသည်။ ထိုအခါ ဗောဇ္ဈင်သုတ်ကိုရွတ်ပြီး ပရိတ်ရေဖျန်းသည် လက်ကောက်ဝတ်မှာ ပရိတ်ကြိုးချည်နှောင်ပေးသည် ။ တစ်ခါတစ်ရံ အိပ်မက်မကောင်းလို့ ၊ အိမ်မှာပျားစွဲလို့ စသည်ဖြင့် လျှောက်ထားသည် ။ ထိုအခါ ယံဒုန္နိမိတ္တံ (၃) ဂါထာရွတ်ပြီး ၊ ပရိတ်ရေဖျန်းသည် ပရိတ်ကြိုးချည်ပေးသည် ။

တစ်ခါတစ်ရံ အိမ်ပေါ်မြွေတွေတက်လို့ ပျောက်အောင်ရွတ်ပေးပါဟု လျှောက်ထားသည် ။ ထိုအခါ ဝိရူပက္ခေ ဂါထာကိုရွတ်ပြီး ပရိတ်ရေဖျန်းပေးသည် ။ ပရိတ်ကြိုးချည်နှောင်ပေးသည် ။ ပရိတ်ရေဖျန်းပြီးတိုင်းလည်း စက်ာပူဒေါ်လာ ၅၂ - ၃ဝ စသည့် မြသပိတ်တည်း ထည့်ဝင်ကြသည် ။ မထည့်သူမရှိပါ ။

## "သတိမမူ ဂူမမြင်"

ပရိတ်ရေဖျန်း ၊ ပရိတ်ကြိုးချည်ပေးပြီးတိုင်း (အိုကေ) ဟူသော အင်္ဂလိပ် စကားကလေးကိုဆိုသည် ။ (အိုကေ) ဟုဆိုလိုက်လျှင် ပရိတ်ရေအဖျန်းခံလာသော တိုးရစ်ဂိလာန ဦးချပြန်သွားသည် ။ မိမိတို့က ပရိတ်ရေဖျန်းတာ ပရိတ်ကြိုးချည်တာ ဂါထာရွတ်တာ ၊ ငါလည်းပရိတ်ရေဖျန်းတတ်သည် ။ ပရိတ်ကြိုးချည်တတ်သည် ၊ ဂါထာရွတ်တတ်သည် မခက်ပါဟု အထင်သေးသည် ။ သို့သော် သူတို့ အဆုံးသတ် (အိုကေ) လို့ ဆိုတာကို သတိမထားမိပါ ။ သတိမမူ ဂူမမြင်ဟူသော ရှေးစကားရှိသည် ။ သတိမူတော့ မြူတောင်မြင်သည်ကို ရှေးလူကြီးအဆိုရှိသည် ။ သတိမမူခဲ့မိပါ ။ အထင်သေးမိပါသည် ။ အထင်သေးမိတာကို ဤစာဖြင့် ဦးတိုလောက စက်ာပူ ဆရာတော်အား တောင်းပန်ပါသည် ။

## "ပရိတ်ရေဖျန်း ဘေးမသန်း'

ကဆုန်လပြည့်နေ့ရောက်လာပါသည် ။ နံနက်စောစောကတည်းကပင် စက်ာပူနေဆရာတော်များက မိမိတို့ အာဂန္တုများအား အရုဏ်ဆွမ်းစားပွဲတွင် လျှောက် ထားသည် ။ (ဒီနေ့ ပရိတ်သတ်သောင်းချီပြီး ကျောင်းတက်မှာမို့ မြန်မာပြည်မှ ဆရာ တော်များ ပရိတ်ရေဖျန်းကူပါ) ဟု ကြိုတင်လျှောက်ထားသည် ။ မိမိတို့အား လက်ယာ ဘက်စားပွဲဆက်တီကုလားထိုင်လေး (၂) လုံးပေါ် ထိုင်ရန် နေရာပေးသည် ။ ပရိတ် သတ်မှာ နံနက်စောစောကတည်းကပင် ကြိတ်ကြိတ်တိုးစည်ကားသည် ။ မိမိတို့ (၂) ပါးလည်း ပရိတ်ရေဖျန်းပေးသည် ။ စက်ာပူရောက် ဆရာတော်တို့ ဖျန်းသလို ဖျန်း ပေးသည် ။ ပရိတ်ကြိုးချည်ပေးသည် ။ ဂါထာရွတ်ပေးသည် ။ စောစောက ပရိတ်သတ် တွေ ပရိတ်ရေဖျန်း ၊ ပရိတ်ကြိုးချည်ဂါထာရွတ်ပြီး အသီးသီးဦးချ ပြန်သွားကြသည်။ ပရိတ်ရေဖျန်းဘေးမသန်းသည်ကို ယုံကြည်ကြသည် ။ အချို့ကလည်း ဘုရားရှေ့ရှိ ပရိတ်ရေအိုးကြီးထဲက ပရိတ်ရေသောက်ပြီး ပြန်ကြသည် ။ အလုပ်ရုံသို့ သွားကြသည်။

## "ကော်ဇောတွေ စိုနေပြီ"

နေလေးမြင့်လာပေမဲ့ မိုးအုံ့ပြီး အေးနေပါသည် ။ တစ်ခါတစ်ရံ နေပူနေတုံး ချည်း မိုးရွာနေသည်ကို ဦးစန္ဒက လက်ညှိုးထိုးပြပါသည် ။ ဒီနိုင်ငံမှာ ဒီလိုသဘော လေးတွေ ဆောင်နေကြောင်းပြောသည် ။ ဦးစန္ဒကြီးမှာ ဦးတိလောက လက်ရုံးကြီး ဖြစ်ပါသည် ။ ဒီလို မိုးလေးအေးနေချိန် တိုးရစ်တရုတ်ကြီးတစ်ယောက် မိမိတို့ရှေ့ မှောက် ပရိတ်ရေအဖျန်းခံရန် ရောက်လာပါသည် ။ မြန်မာစကား လုံးဝမပြောတတ် ပါ ။ ၎င်းအား မိမိက ပရိတ်ရေဖျန်းပေးသည် ။ လက်ကောက်ဝတ်မှာ ပရိတ်ကြိုး ချည်ပေးသည် ။ ဂါထာရွတ်သည် ။ ထ၍မပြန်ပါ ။ နောက်ထပ်ပရိတ်ရေဖျန်းသည် ပရိတ်ကြိုးချည်ပေးသည် ။ ဂါထာပြောင်းရွတ်ပေးသည် မပြန်ပါ ။ ဒီလိုချည်း ပရိတ် ရေဖျန်း ၊ ပရိတ်ကြိုးချည် ဂါထာပြောင်း၍ ပြောင်း၍ ရွတ်ရာ သိသာသည်မှာ အခင်း ကော်ဇောကြီး စိုနေပါပြီ ။ ရေဖျန်းခံ တရုတ်ကြီး မပြန်ပါ ။ ငုတ်တုတ်ကြီးပင် ဖြစ် ပါသည် ။

## "လက်ရပ်လို့နော် အကူခေါ်"

တရုတ်ကြီး မပြန်သဖြင့် ဟိုတစ်ဘက်နံရံရှိ စက်ာပူဆရာတော်တို့အဖွဲ့ကို လက်ရပ်ခေါ်လိုက်သည် ။ ဦးတိလောက ကြွလာသည် ။ ဒီကတရုတ်ကြီးကို ပရိတ် ရေလည်းဖျန်းပြီးကြောင်း ပရိတ်ကြိုးလည်းချည်ပြီးကြောင်း သို့သော်လည်း ထမပြန် ကြောင်း ကော်ဇောတွေလဲ စိုရွှဲနေပြီဖြစ်ကြောင်းနှင့် အအေးများပတ်ပြီး မလှုပ်ဘဲ ဖြစ်နေသလားလို့ဟုပြောရာ -

ဦးတိလောက က ဆိုပြီးပြီလာဟုမေးသည် ။ ပရိတ်ကြီးတည်းက ဂါထာတွေ ပြောင်းဆိုနေတာ ကုန်ခါနီးပြီဟု မိမိကပြောရာ ဦးတိလောက က မိမိ၏နားအနီး ကပ်ပြီး (OK) အိုကေ ဆိုပြီးပြီလားဟု တိုးတိုးလေးပြောသည် ။ မိမိက (OK) အိုကေ ဟုဆိုလိုက်သည် ။ တရုတ်ကြီး ချက်ချင်းဦးတင်၍ ထပြန်သွားသည် ။ တကယ် တော့ သူတို့သိတဲ့ (OK) အိုကေ ဂါထာမဆိုမိတာသာဖြစ်သည် ။ (OK) အိုကေ မိမိမဆိုမိပေ (OK အိုကေ)

မိမိကိုယ်ကို ပြန်လည်ဆန်းစစ်သည် ။ မိမိသည် အင်္ဂလိပ်စာမတတ် ABC လောက်သာတတ်သည် ။ အင်္ဂလိပ်စကားလည်း မတတ် ၊ ဂွတ်တမောနင်းလောက် သာတတ်သည် ။ ဒါတောင် ရေလည်အောင်မဖတ်တတ် ၊ မရေးတတ် ၊ ကျွမ်းကျင်စွာ မပြောတတ် မဆိုတတ်ပါ ။ ဆရာကြီးဦးဘသိန်း သင်ပေးလိုက်တာတွေအားလုံး ဆရာကြီးထံပြန်သွားကြပြီ ။ သို့သော် ဆရာကြီးကိုကား ကျေးဇူးတင်နေပါသည် ။ မိမိကျောင်းပြန်ရောက်လျှင် အင်္ဂလိပ်စာသင်မည် ။ အင်္ဂလိပ်စကားပြောသင်မည် ။ ကိုရင်လေးတွေနှင့်လေ့ကျင့်မည် ။ စာသင်သားတွေကိုလည်း အင်္ဂလိပ်စာ စာဝါသင်စေမည် ။ အင်္ဂလိပ်စကားပြောစေမည် ။ အင်္ဂလိပ်စာတတ်လျှင် ကမ္ဘာပတ်၍လည်နိုင်သည် ။ အင်္ဂလိပ်စကားပြောတတ်လျှင် လူတောလည်း ဝင်နိုင်သည် ။ လိုတာအကုန်ရနိုင်သည် ။ အင်္ဂလိပ်စာ ၊ အင်္ဂလိပ်စကားသည် ကမ္ဘာသုံးစကားလောက်ခရီးရောက်သည်။ မိမိ (၁၀) နိုင်ငံခရီးမှာ စကားပြန်နှင့်သာ ပြီးရသည် ။ မဖြစ်မနေ မိမိလည်းသင်မည် စာသင်သားတွေကိုလည်း သင်စေမည်ဟု အဓိဋ္ဌာန်ပြုပါသည် ။

အမှတ် ၂၇၂၃၈
ရက်စွဲ ၂၃-၅-၁၀